


SAMPLE BOOK

mgwoe.com

SAMPLE BOOK



# PIERCING

**Ryu Murakami**

ISBN 978-99971-952-1-0

K0380

9 789997 195210 >

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - စက်တင်ဘာလ၊ ၂၀၁၉ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - မျိုးမျိုး ပုံနှိပ်တိုက် (၀၁၅၃၃)
အမှတ်-၁၁၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - ဇော်မောင်
တန်ဖိုး - ၂၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK



# PIERCING

## Ryu Murakami

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)

ပုခက်ထဲမှာ အိပ်မောကျနေတဲ့ သက်ရှိသတ္တဝါလေး၊ ကြည့်ရတာ လှောင်အိမ်ထဲက ဓာတ်ခွဲခန်း စမ်းသပ်ခံ တိရစ္ဆာန်လေးနဲ့တောင် တူတူသေးတော့၊ ကာဝါရှိမှာ မာဆာယူကီ အဲဒီလို တွေးမိတယ်။ ဓာတ်မီး အသေးစားလေးကို လက်နဲ့အုပ်ထားလို့ ပုခက်ထဲက ကလေးကို အရိပ်လောက်ပဲ သူ မြင်ရတယ်။ အိပ်ခန်းတစ်ခန်းလုံး မဟူရာရောင် စုပ်စုပ်မှောင်လို့။ ကလေးကို ကုန်းကြည့်လိုက်ရင်း အင်မတန် လျင်မြန်တဲ့ အိပ်စက်ခြင်း ဆိုတဲ့ စကားလုံးတွေကို သူ အသံတိတ်ရွတ်နေတယ်။ ယိုကို ကိုယ်ဝန်ရလာပြီး သူ ကလေးအဖေဖြစ်ဖို့ သေချာလာချိန်မှာ သူ့ ကလေးအိပ်မပျော်ဖြစ်မှာကို သူ အင်မတန် စိုးရိမ်မိသေးတယ်။ သူကမူလတန်းကတည်းက အိပ်မပျော်ရောဂါ စွဲခဲ့တာကိုး။ ကလေးကိုယ်ထဲမှာ သူ့သွေးတွေ စီးနေတာကိုး။ ဒါပေမဲ့လည်း ကလေးဆိုတာက အအိပ်မက်တဲ့ အမျိုးကိုး။ ဒါကြောင့်လည်း ကလေးပြုစုစောင့်ရှောက်ရေး ပါရဂူတွေကကလေးတွေအလုပ်ကအိပ်ဖို့ပဲလို့ပြောတာနေမှာပေါ့။ ကလေးလေး တစ်ယောက် အိပ်မပျော်ရောဂါ စွဲနေမယ်ဆိုရင် တကယ့်ကို ယူကျုံးမရ အပူလုံးကြွစရာဖြစ်မှာ။

mgyoe.com

mgyoe.com SAMPLE BOOK


နှစ်ယောက်အိပ်ခုတင်ကြီးပေါ်မှာ အိပ်နေတဲ့ ယိုကိုကို သူ လှည့်ကြည့်လိုက်တယ်။ စည်းချက်ညီ ထွက်နေတဲ့ အသက်ရှူသံကြောင့် ယိုကို အိပ်မောကျနေတယ်ဆိုတာ သေချာတယ်။ မိန်းမ အိပ်ပျော်နေတဲ့ အချိန်မှာ ကလေးပုခက်နား သူ မတ်တတ်ကြီးရပ်ပြီး ကလေးကို ငုံ့ကြည့်နေမိတာ ခုဆို ဆယ်ည ဆက်တိုက်ရှိပြီ။ ဆင်အော်တာတောင် မနိုးလောက်အောင် ယိုကို အိပ်မောကျနေတတ်တဲ့ သန်းခေါင်ကျော်ပြီးစမှာပေါ့။ ယိုကိုက မနက်စောစော ထတတ်တာကိုး။ အင်မတန် ကျန်းမာသန်စွမ်းတဲ့ အချက်အပြုတ်နဲ့ မုန့်ပညာရှင် ၂၉ နှစ်သမီး ယိုကိုအဖို့တော့ အိပ်မပျော်ဘူးဆိုတာ ချိုနဲ့လားလို့ မေးရမယ့်ဟာမျိုး။ သူနဲ့ လက်ထပ်ပြီးတော့ လုပ်လက်စ မုန့်ဖုတ်လုပ်ငန်းကို မလုပ်တော့ဘဲ သူတို့ရဲ့ အိပ်ခန်း တစ်ခန်းတည်းပါတဲ့ တိုက်ခန်းလေးမှာပဲ ယိုကိုက အချက်အပြုတ်နဲ့ မုန့်ဖုတ် သင်တန်းဖွင့်တယ်။ သူ့သင်တန်းကို လူကြိုက်များတယ်။ ခုဆို သင်တန်းသား အတော်များနေပြီ။ အိမ်ရှင်မတွေ၊ မုဆိုးမကြီးတွေအစ၊ အလယ်တန်းကျောင်းသူအလယ်၊ သက်လတ်ပိုင်း ယောက်ျားကြီးတွေအဆုံး-မျိုးစုံလို့ပဲ။ တစ်ပတ်မှ နှစ်ရက်ပဲ နားပြီး ဆက်တိုက်သင်တဲ့ အဲဒီ သင်တန်းကြောင့် တစ်အိမ်လုံး သူတို့ အိပ်ခန်းထဲထိ ထောပတ်နံ့တွေ သင်းနေတယ်။ ကာဝါရှီမာက အဲဒါကို သဘောကျတယ်။ ရီးလေး (ယိုကို့အမေ ပေးထားတဲ့ကလေးနာမည်)က ခုဆို လေးလပြည့်ပြီ။ ယိုကိုကတော့ ကလေး တစ်ဖက်နဲ့ သင်တန်းအလုပ် မပျက်အောင်လုပ်နိုင်တယ်။ သင်တန်းသားအများစုက မိန်းမတွေဆိုတော့ ကလေးကိစ္စကို သူတို့ ကူညီကြတာပေါ့။

ဓာတ်မီးကို ပိတ်လိုက်ပြီး လိုက်ကာကြားကနေ အခန်းထဲ တိုးဝင်နေတဲ့ မှိန်ဖျော့ဖျော့ လရိပ်အလင်းကို သူ ငေးနေမိတယ်။ အလင်းတန်း မှိန်မှိန်လေးဟာပုခက်အလယ်ထိ ရောက်တယ်။ ရီးလေးရဲ့ စောင်ပန်းရောင်လေးနဲ့ ကာဝါရှီမာရဲ့ ကော်ဂျူရွိုင်း ဘောင်းဘီအိတ်ကပ်တွေကို မြင်သာလောက်တဲ့အလင်းဖြူဖျော့လေးပါ။သူငယ်ငယ်တုန်းကတည်းက အခန်းထဲမှာ မီးတွေ အားလုံး ပိတ်၊ လရောင်နဲ့ ထိုင်ရင်း လရောင်အောက်က လမ်းကျဉ်းကျဉ်းကလေးတစ်ခုရဲ့ ပုံကို ထိုင်ဆွဲနေတတ်တယ်။ အတိတ်ကို သတိရရင်း အိတ်ထဲက ရေခဲခွဲတဲ့စူးကို သူ လက်မထိုးမိအောင် သတိထားပြီး အသာထုတ်လိုက်တယ်။ စူးလက်ကိုင်ကို ညာလက်နဲ့ တင်းတင်းဆုပ်၊ ကလေးကိုယ်ပေါ်က စောင်ကို ဘယ်လက်နဲ့ အသာခွာလိုက်တယ်။ ယိုကို ဖုတ်တဲ့ ပေါင်မုန့်ထက် ပိုပြီး ဖြူ၊ ပိုပြီး နူးညံ့တဲ့ ရီးလေးရဲ့ လည်ပင်းလေးနဲ့ ရင်အုံလေး

mgyoe.com

mgyoe.com

SAMPLE BOOK


ပေါ်လာတယ်။ ခါတ်မီးကို အသာဖွင့်ပြီး အဲဒီဖွေးဥနေတဲ့ကလေး ရင်ဘတ်နဲ့ လည်တိုင်ကို သူစိုက်ကြည့်နေတယ်။ လတ်လတ်ဆတ်ဆတ် ဖုတ်ပြီးခါစ ပေါင်မုန့်နံ့တွေ နှာခေါင်းထဲမှာ ရလာတယ်။ ပြီးတော့ သူ သတိမထားမိတဲ့ နောက်အနံ့တစ်မျိုးရောပဲ။ ကလေးစောင်ပေါ်ကို ချွေးတစ်ပေါက် ကျသွားမှပဲ သူ့ နဖူးနဲ့ နှားထင်မှာ ချွေးပေါက်ကြီးတွေ တွဲရရွဲခိုနေတာကို သူ သတိထားမိတော့တယ်။ နံရံကပ် အပူပေးစက် ဖွင့်ထားပေမယ့် ချွေးပေါက်ပေါက်ကျလောက်အောင် ပူဖို့ အဝေးကြီး။ ရေခဲခွဲစူးရဲ့ ချွန်မြနေတဲ့ ထိပ်ဖျားဟာ တဆတ်ဆတ် ခါယမ်းလာတယ်။ ချွေးစီးကြောင်း တစ်ခု မျက်ခုံး နှစ်ဖက်ကြားကနေ မျက်လုံးထောင့်ထဲ စီးဝင်သွားတယ်။

မျက်စိကို ပိတ်လိုက်ရင်း သူ အတော် ချောက်ချားသွားခဲ့တယ်။ ကြည့်စမ်း…ချွေးထွက်နေတာကို သူ သိလည်း မသိ၊ ခံလည်း မခံစားမိဘူး။ ခုလို နဖူးကချွေး ခြေမ ကျနေတာ သူမဟုတ်ဘဲ သူ့ပုံစံတူ ဖယောင်းရုပ်လိုလို၊ သူ့ကိုယ်ပွား သူစိမ်းတစ်ယောက်လိုလို ဖြစ်နေတယ်၊ ဖွတ်ပဲ။

မျက်စိပြန်ဖွင့်လိုက်တဲ့အခါ သူ့ စက္ခုအာရုံ၊ သောတအာရုံနဲ့ ဂန္ဓာရုံတွေဟာ တစ်ခုနဲ့တစ်ခု ထွေးရောယှက်တင်ဖြစ်ပြီး ဆိုင်းမဆင့် ဗုံမပါနဲ့ မီးလောင်တဲ့ ညှော်နံ့လိုလို ရလာတယ်။ လက်သည်း မီးလောင်တဲ့ အနံ့မျိုး-ဟင်-ဖြစ်ပြန်ပြီလား၊ ဟင့်အင်း-မဖြစ်ရဘူး၊ မဖြစ်ပါနဲ့-တောင်းပန်ပါတယ်။ သူ သက်ပြင်းရှိုက်ရင်း အသံတိတ်ညည်းမိတယ်။

အမြဲတမ်း စ လိုက်ရင် ဒီလိုချည်းပဲ၊ စစချင်း ချွေးထွက်၊ ပြီးရင် ညှော်နံ့ရ၊ နောက်တစ်ကိုယ်လုံး အားပြတ်သွားသလို နုံးချည့်ပြီး နောက်ဆုံးတော့မခံမရပ်နိုင်အောင်နာကျင်ခြင်းနဲ့ အဆုံးသတ်။ လေထုထဲက အမှုန်လေးတွေဟာ ထက်ရှတဲ့ အပ်ချောင်းတွေ အသွင်ပြောင်းပြီး သူ့တစ်ကိုယ်လုံး နေရာမလပ် ထိုးစိုက်။ အရေပြားအောက်က တစစ်စစ်နာတဲ့ ဝေဒနာဟာ ပါးစပ်က ပွင့်ထွက်မတတ် ခံစားရတဲ့အခါ မျက်စိထဲ မြူဆိုင်းသလို ဖြစ်လာရင်း သူ့ကိုယ်ပေါ် အညာအတာမဲ့ စူးဝင်လာတဲ့ အပ်တွေကို မြင်လာ ရတယ်။

ငြိမ်တော့-ကာဝါရှီမာ၊ ငြိမ်-အေးအေးဆေးဆေးပေ့၊ မင်း အဆင်ပြေမှာပါ၊ မင်း သမီးလေးကို စူးနဲ့မထိုးပါဘူးလို့ သံန္နိဋ္ဌာန် ချထားပြီးပြီပဲ၊ အားလုံး အဆင်ပြေမှာပါ။

mgyoe.com

mgyoe.com
SAMPLE BOOK


ဆတ်ဆတ်ခါနေတဲ့ စူးချွန်ကို သူ အသာဖွဖွကိုင်လိုက်တယ်။ စူးထိပ်ဖျားက ကလေးပါးနဲ့ တန်းနေတယ်။ စူးကို သူကြည့်မိတဲ့အခါတိုင်း ချွန်မြပါးလျတဲ့ သံမဏိကိုယ်ထည်ဟာ အပ်လောက်ကို ချွန်တာ အမြဲ တွေ့ရတယ်။ လောကမှာ ဒီလိုပစ္စည်းမျိုး ရှိပါလားလို့ သူ အမြဲတွေးနေမိတယ်။ ရေခဲခွဲဖို့ဆိုပဲ၊ တခြားပစ္စည်း မရှိတော့ဘူးလား။ လူတွေဟာ ဘာလို့ ဒီလို နားမလည်နိုင်တဲ့ ပစ္စည်းတွေကို ထုတ်လုပ် ရောင်းချနေကြတာတုံး။ ချွန်မြနေတဲ့ ဒီစူးအဖျားကို ကြည့်တာနဲ့တင် ချွေးစေးပြန်စရာ ကောင်းနေပြီဆိုတာ မသိကြဘူးလား။ ကလေးရဲ့နှုတ်ခမ်းလေးတွေဟာသိမ့်တိမ့် လှုပ်နေတယ်။ နှုတ်ခမ်းလေးက သေးလွန်းလို့ နှုတ်ခမ်းနဲ့တောင် မတူဘူး။ မကြာခင် တောင်ပံဖြန့်ပြီးလိပ်ပြာအသွင်ပြောင်းမယ့် ပိုးတုံးလုံးလေးလိုပဲ။ မှဲ့ခြောက် သဲ့သဲ့ပါးလေးတွေကလည်း သွေးကြောလေးတွေ ယှက်သန်း နီမြန်းနေတယ်။ ကာဝါရှီမာဟာ သမီးပါးပေါ်က မှဲ့ခြောက်လေးတွေကို ပထမ လက်ထိပ်နဲ့၊ နောက် စူးချွန်ထိပ်ဖျားနဲ့ အသာလေး ထိကြည့်မိတယ်။

အင်း-မလုပ်ဘူး၊ ငါ ဘယ်တော့မှ သမီးကို စူးချွန်နဲ့ မထိုးဘူးကွ။

သူ စဉ်းစားနေတုန်း မှောင်ထဲက ယိုကို့ အသံလေး ထွက်လာတယ်။

"ဘာလုပ်နေတာလဲဟင်"

သူ့တစ်ကိုယ်လုံး တင်းခနဲ ဖြစ်သွားတယ်။ စူးချွန်ထိပ်ဖျားက ကလေးပါးကို ခြစ်မိတော့မတတ်ပဲ။ ဓာတ်မီးကို အသာပိတ်၊ သက်ပြင်းကို အသာမှုတ်ထုတ်ရင်း ဖြည်းဖြည်းလှည့်လိုက်တယ်။ စူးကို လက်ဖဝါးနဲ့ အုပ်ကိုင်ရင်း ဘောင်းဘီအိတ်ထဲ မသိမသာ ထိုးထည့်လိုက်တယ်။

ယိုကိုက ခုတင်ပေါ်မှာ လက်ထောက်ထိုင်နေတယ်။ သူ့တစ်ကိုယ်လုံး တံတောင်ဆစ်ကို အားပြုရင်းပေါ့။

"ဆောရီးပဲ၊ နိုးသွားတာလား"

သူ ယိုကို့နား ခြေဖျားထောက်သွားရင်း ပါးကို နမ်းလိုက်တယ်။

"ဘယ်နှနာရီ ရှိပြီလဲ"

"တစ်နာရီကျော်ကျော်"

"ရီးလေးကို ကြည့်နေတာလား ဟင်"

"အင်း...ကိုယ် မင်းကို မနိုးစေချင်ပါဘူး၊ မင်း ပင်ပန်းထားတယ် မဟုတ်လား၊ ကဲ...ပြန်အိပ်နော်"

mgyoe.com

mgyoe.com
SAMPLE BOOK


"ခု အလုပ်လုပ်တုန်းလား"

"ပြီးခါနီးပါပြီ၊ နောက်ဆုံး အပြီးသတ် ရွေးဖို့ပဲ ကျန်တာ"

သူတောင်ပြောလို့မပြီးသေးဘူး၊ ယိုကိုက လှဲချလိုက်ရင်းပြန်အိပ်ပျော်သွားတယ်။ ဘုရား သိကြား မ လို့ပဲ။ အိမ်သာထသွား၊ ရေထသောက် လုပ်လို့ မီးများဖွင့်လိုက်ရင် သူချွေးတရွှဲရွှဲဖြစ်နေတာတွေ့မှာပဲ။ ပြီးတော့ဘောင်းဘီအိတ်ကို ဖောက်ထွက်နေတဲ့ စူးချွန်ထိပ်ဖျားကိုလည်း သတိထားမိသွားမယ် ထင်တယ်။

❒

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

ကာဝါရှီမာဟာ ရေခဲခွဲစူးကို မီးဖိုခန်းထဲက အံဆွဲထဲထည့်၊ ရေချိုးခန်းထဲဝင် မျက်နှာသစ်ပြီး ဧည့်ခန်းဘက် ထွက်လာခဲ့တယ်။ စားပွဲရှေ့ ဝင်ထိုင်ပြီး တဆတ်ဆတ်တုန်နေတဲ့နှလုံး ငြိမ်သွားအောင် အချိန်ယူနေရတယ်။ လည်ချောင်းထဲ တစ်ဆို့ဆို့နဲ့ ဖြစ်နေတယ်။ တစ်ခွက်လောက် သောက်ရကောင်းမလား စဉ်းစားပေမယ့် ချက်ချင်းပဲ ဒီအကြံကို စွန့်လွှတ်လိုက်တယ်။ မဖြစ်ဘူး၊ ဒီအချိန်သောက်လို့ လုံးဝမဖြစ်၊ သူ့အကြောင်း သူသိတယ်။ အရက်နည်းနည်း ဝင်ပြီးရင် သက်သာသလိုလိုနဲ့ လုံးဝမှောက်သွားတဲ့အထိ ဆက်တိုက်ချတော့မှာ၊ ဘာမှ မမှတ်မိတော့တဲ့ အထိပေါ့။

အသက်ပြင်းပြင်းရှူရင်း အခန်းကို လှည့်ပတ်ကြည့်လိုက်တယ်။ သူတို့ဧည့်ခန်းက လင်မယားနှစ်ယောက်လုံးအတွက် အလုပ်ခန်း ဖြစ်နေပြီ။ ဆိုဖာမရှိ ထိုင်ခုံမရှိ၊ အယ်လ်ပုံစံ သစ်သားစားပွဲရှည်ကြီးက အခန်းတစ်ဝက်လောက် နေရာယူထားတယ်။ ဆွီဒင်လုပ် ဒီစားပွဲကြီးက အချက်အပြုတ်နဲ့ မုန့်ဖုတ် သင်တန်းသား ရှစ်ယောက်ကနေ ဆယ်ယောက်လောက်ထိ ကောင်းကောင်းဆံ့လို့ ယိုကို့အဖို့တော့ အင်မတန် အဖိုးတန်တာပေါ့။ အဲဒါကြီးကို ကာဝါရှီမာက ယိုကို့ကို မင်္ဂလာလက်ဆောင်အဖြစ် ဝယ်ပေးခဲ့တာ။ သူ့ဘဏ်စာရင်း ပြောင်တလင်းခါလုနီးနီး ငွေရှင်းလိုက်ရတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


အင်း-ယိုကို-ယိုကို၊ သူ့လိုမိန်းမမျိုးနဲ့ တွေ့ခဲ့ ချစ်ခဲ့ လက်ထပ်ဖြစ်ခဲ့တာကို ခုထိ မယုံနိုင်သေးဘူး။

သူတို့နှစ်ယောက်ဟာ သက်တူရွယ်တူပဲ။ လွန်ခဲ့တဲ့ ခြောက်နှစ်နွေဦးရာသီက ဂင်ဇာ ပန်းချီပြခန်းတစ်ခုမှာ သူတို့ ဆုံခဲ့ကြတယ်။ ဒြပ်မဲ့ပန်းချီဆရာ နစ်ကလစ် ဒီစတေးရဲ့ ပန်းချီပြပွဲပေါ့။ နစ်ကလစ်က ရုရှမှာမွေးတဲ့ ပြင်သစ်။ ဂျပန်မှာ လူသိနည်းလို့ စနေ နေ့လယ်ခင်း ဖြစ်ပေမယ့်ပြခန်းထဲ သူတို့နှစ်ယောက်ပဲ ရှိနေတယ်။ ယိုကိုက ကာဝါရှီမာကို စကားစပြောတယ်။

"ရှင်က ပန်းချီဆရာလား"

ကာဝါရှီမာက အဲဒီအချိန်မှာ ပုံကြမ်းခြစ်တဲ့ စာအုပ်လေး ချိုင်းကြားညှပ်ထားတာကိုး။

"အင်း-ပုံဆွဲတယ် ဆိုပါတော့"

ယိုကိုက အသားရောင် ကော်ကိုင်းမျက်မှန်လေးနဲ့၊ မျက်မှန်ကသူ့နဲ့လိုက်ပါတယ်၊ ဒါပေမဲ့ မျက်မှန်မပါရင် ပိုလှမှာပဲလို့ ကာဝါရှီမာ တွေးနေမိတယ်။ ပန်းချီပြခန်းထဲက ထွက်လာတော့ ဂင်ဇာတစ်ခွင် ဆီးမြင်နိုင်တဲ့မှန်ခန်းကော်ဖီဆိုင်တစ်ခုမှာ သူတို့ ထိုင်မိကြတယ်။ ကာဝါရှီမာက အက်စ်ပရက်ဆိုကော်ဖီမှာတယ်။ ယိုကိုက ချိစ်ကိတ်နဲ့ ပန်းသီး လက်ဖက်ရည် မှာတယ်။ နွေဦးနေက ဆိုင်ထဲ အသာအယာ ထိုးနေတယ်။ စားပွဲတိုင်းမှာ သစ်ခွတစ်ပွင့် စိုက်ထားတဲ့ ဖန်ပန်းအိုးလေး တစ်လုံးစီ တင်ထားတယ်။ ယိုကို့ဆီကအနံ့မွှေးမွှေးလေးထွက်နေတယ်။ရေမွှေးနံ့အပြင် နောက်အနံ့တစ်မျိုးရောပဲ။ အဲဒါ လောလောလတ်လတ် ဖုတ်ပြီးစ ပေါင်မုန့်နံ့ဆိုတာ ကာဝါရှီမာ နောက်မှသတိထားမိတယ်။ ယိုကို့ကို သဘောကျတာရော၊ ယိုကို့နားမှာ နေရတာသက်သောင့်သက်သာ ရှိတာရောကြောင့် အဲဒီ ရနံ့ကို ကာဝါရှီမာ ကြိုက်နေတယ်။ (သူ မကြိုက်တဲ့၊သဘောမတွေ့တဲ့ တစ်ယောက်ယောက်နား နေရရင်အဲဒီလူဆီက အနံ့က သူ့ကို တွန်းထုတ်နေသလို ကာဝါရှီမာ ခံစားရတတ်တယ်) ယိုကိုက ချိစ်ကိတ်ကို ဖြည်းဖြည်းချင်း စားနေတယ်။ ကာဝါရှီမာရဲ့ ပုံကြမ်းစာအုပ်ကို တစ်ရွက်ချင်း လှန်ရင်းပေါ့။ ချိစ်ကိတ် အစလေးတစ်စ စာရွက်ပေါ်ကျသွားတော့ ယိုကိုက လက်ကိုင်ပဝါ ထောင့်စွန်းနဲ့ အသေအချာဂရုတစိုက် ဖယ်ပစ်တယ်။ သူ့ကိုကြည့်ရတာ ပျော်လိုက်တာ၊ စိတ်ချမ်းသာလိုက်တာ။

mgyoe.com

mgyoe.com SAMPLE BOOK


နောက်တော့ သူတို့ တစ်ပတ်တစ်ခါလောက် တွေ့ဖြစ်ကြတယ်။

ညစာတူတူစား၊ ပြခန်းတွေလျှောက်ကြည့်၊ ရုပ်ရှင်သွားကြည့်နဲ့ပေါ့။ ကာဝါရှီမာက ဂရပ်ဖစ်ဒီဇိုင်းကုမ္ပဏီ တစ်ခုမှာ လုပ်တယ်။ အားတဲ့အချိန်မှာ ပုံဆွဲတယ်။ သူဆွဲသမျှပုံတိုင်းဟာ လရောင်အောက်က လမ်းကျဉ်းလေးတွေ ချည်းပဲ။ ဒါကလွဲလို့ ကျန်တာ သူ ဘာမှ စိတ်မဝင်စားဘူးကိုး။ ဒါပေမဲ့ ယိုကိုနဲ့တွေ့ပြီး နွေနှောင်းတစ်ရက်မှာတော့ သူ ယိုကို့ မျက်နှာကို ခဲခြစ်ပုံတူ ဆွဲမိတယ်။ နောက်တစ်ကြိမ်တွေ့လို့ အဲဒီပုံတူကို ပြမိတဲ့အခါမှာတော့ ယိုကိုက သူ့ကို ပထမဆုံးအကြိမ်အဖြစ် သူနေတဲ့အခန်းကို ခေါ်သွားခဲ့တယ်။ အဲဒီမှာ ယိုကိုက သူ့ကို နာနာကျင်ကျင် ရင်ဖွင့်ပြခဲ့တယ်။ လွန်ခဲ့တဲ့ တစ်နှစ်လောက်တုန်းက သူ့ကုမ္ပဏီက ဘိုးတော်ကြီးတစ်ယောက်နဲ့ သူ ဖြစ်ခဲ့တယ်တဲ့။ သူတို့ကွဲသွားကြတဲ့အခါ အိပ်ဆေး လက်တစ်ဆုပ်စာလောက် သောက်လိုက်သတဲ့၊ ဒါနဲ့သူ ဆေးရုံတန်းရောက်သွားသတဲ့။ အဲဒီလို စရိုက်လက္ခဏာရှိတဲ့ မိန်းမတစ်ယောက်ကို ကာဝါရှီမာ ဘယ်လိုမြင်သလဲတဲ့။

ဘယ်လိုမှ မမြင်ဘူး၊ ဒါ ဘာအရေးကြီးလို့တုံးလို့ ကာဝါရှီမာ ပြန်ပြောလိုက်တယ်။

"လူတိုင်း တစ်ခါတလေတော့ သေချင်စိတ် ဖြစ်မိကြတာပဲလေ"

သိပ်မကြာဘူး။သူတို့အတူတူနေလိုက်ကြတယ်။ခြောက်လလောက်ကြာတော့ အင်မတန် အေးတဲ့ ဆောင်းညလယ်တစ်ခုမှာ ကာဝါရှီမာဟာ ခြုံထားတဲ့ စောင်တွေ စိုလောက်အောင် ချွေးဒီးဒီးကျပြီး နိုးလာခဲ့တယ်။ ယိုကိုက ဘာဖြစ်တာလဲတဲ့။ ဘာမှ မဖြစ်ဘူး၊ လမ်းလေး နည်းနည်းလျှောက်လိုက်ဦးမယ်လို့ ပြန်ဖြေရင်း အဝတ်အစားဝတ်ပြီး တိုက်ခန်းထဲက ထွက်လာလိုက်တယ်။ နောက်နှစ်နာရီလောက်အကြာ ပြန်ရောက်လာတဲ့အခါ ကာဝါရှီမာဟာ သူ ဘယ်သူ့ကိုမှ မပြောပြခဲ့ဖူးတဲ့ သူ့အဖြစ်အပျက် တစ်ခုလုံး ယိုကို့ကို ပြောပြတော့တယ်။

"ကိုယ်က တစ်ခါတလေ အဲဒီလိုပဲ ဖြစ်တတ်တယ်၊ ငယ်ငယ်တုန်းကတည်းက ခဏခဏဖြစ်တယ်၊ ကြီးလာလို့ အဲဒီအကြောင်း ရှာဖတ်တော့ စိတ်ပညာ စာအုပ်တစ်အုပ်မှာ ရေးထားတာ သွားတွေ့တယ်၊ အကာလဘယာနကပြသနာတဲ့။ညဘက်ချောက်ချားတတ်ခြင်းပေါ့။ ငယ်ငယ်တုန်းက အရမ်းဆိုးတယ်၊ ခုညလိုမျိုး အိပ်နေရင်း ခဏခဏလန့်နိုးတာပေါ့၊ တစ်ခါ

mgyoe.com

mgyoe.com SAMPLE-BOOK


တလေလည်း အသံကုန်အော်မိတယ်၊ တစ်ခါတလေ အခန်းထဲ ဝိုင်းကြီးပတ်ပတ်လျှောက်ပြေးနေမိတယ်၊သိစိတ်မရှိဘဲအဲဒီလိုလုပ်နေမိတာနှစ်မိနစ်သုံးမိနစ်လောက်ကြာမယ်၊ အဲဒါပြီးရင်တော့ အရမ်းအရမ်း ကြောက်နေတယ်ဆိုတာကလွဲလို့ ကျန်တာဘာဆိုဘာမှ မမှတ်မိတော့ဘူး၊ ဘေးနားက လူတွေကိုလည်း မသိ၊ ကိုယ့်ကိုယ်ကိုယ်တောင် မသိတော့ဘူး၊ လူတွေ အားလုံးဟာကိုယ့်အိပ်မက်တွေထဲ ပျော်ဝင်သွားပြီး အိပ်မက်ဇာတ်ကောင်တွေ ဖြစ်သွားသလိုပဲ၊ ခု ကြီးလာတော့ အဲဒီလောက် မဆိုးတော့ဘူး၊ ခုည ဖြစ်သလိုပေါ့၊ကိုယ့်ကိုယ်ကိုယ် ဘယ်သူမှန်းလည်း သိတယ်၊ မင်း ကိုယ့်ကို စိုးရိမ်တကြီးစကားပြောနေတာလည်း ကိုယ်သိတယ်"

"ဒါဆိုလည်း ဒီကိစ္စကို ဘာလို့ တစ်ယောက်တည်း ခံစားနေတာလဲ၊ ကျွန်မ ရင်ခွင်ထဲ လာနေပါလားကွယ်"

ကာဝါရှီမာက ခေါင်းယမ်းလိုက်တယ်။

"မဟုတ်ဘူး၊ကိုယ် အဲဒီလို သိစိတ်ပျောက်နေရင် အနားမှာ ဘယ်သူမှမရှိဘဲ တစ်ယောက်တည်းနေတာ အကောင်းဆုံး၊ တစ်နေရာရာကို လမ်းလျှောက်ထွက်-အသက်ပြင်းပြင်းရှူပြီး တည်ငြိမ်အောင် လုပ်ရတယ်ပေါ့"

သူ ယိုကိုကို အကုန်ပြောပြပါတယ်။ တစ်ခုက လွဲလို့ပေါ့။ သူ့အသက်ဆယ့်ကိုးနှစ်မှာ မိန်းမတစ်ယောက်ကို ရေခဲခွဲတဲ့စူးချွန်နဲ့ ထိုးပစ်ခဲ့တဲ့ အကြောင်းက လွဲလို့ပေါ့။ ဒီကိစ္စကိုတော့ သူပြောလို့ မဖြစ်ဘူး။ မဖြစ်ရတဲ့အကြောင်းကတော့ ဒီကိစ္စဟာ သူ့မှတ်ဉာဏ် အာရုံထဲမှာ ဝေဝါးနေတာရယ်၊ ပြောပြလိုက်ရင် ယိုကို အရမ်းကြောက်သွားလို့ သူ့ကို ဆုံးရှုံးသွားမှာစိုးရိမ်တာရယ်ကြောင့်ပဲ။ ကာဝါရှီမာ ဆက်ပြောတယ်။

"အဲဒီဖြစ်ရပ်တွေရဲ့ အရင်းခံကတော့ ကိုယ် လေးနှစ်သားမှာအဖေဆုံးသွားပြီး ကိုယ့်အမေက ကိုယ့်ကို အရမ်းကာရော ရိုက်တာ နှက်တာက စတာလို့ ထင်တယ်။ ရိုက်တာမှ မတရားကို ရိုက်တာ။ အဖေ့အကြောင်းကိုယ် သိပ်မမှတ်မိဘူး။ ကိုယ်တို့ကို ကားတစ်စီးနဲ့တင်ခေါ်ပြီး မောင်းမောင်းသွားတတ်တာပဲ ဝိုးတဝါး မှတ်မိတယ်။ ဒါလည်း အမေ ခဏခဏ ပြောလို့ပါ။တတ်လည်းမတတ်နိုင်ဘဲ အရစ်ကျငွေချေပြီး ကားဝယ်တဲ့ စောက်ရူး ဆိုပြီးတော့ပေါ့။ အဲဒီနောက်ပိုင်း အထက်တန်းကျောင်းပြီးမှ အမေနဲ့ ပြန်တွေ့တယ်။ ကိုယ့်ကို ဘာလို့ အဲဒီလို ရက်ရက်စက်စက် လုပ်ခဲ့တယ် ဆိုတာကို

mgyoe.com

mgyoe.com SAMPLE BOOK


သူ အဲဒီမှာ ပြောတယ်၊ နင့်ကိုမြင်တိုင်း နင့်အဖေ စောက်ရူးကို သတိရပြီး ဒေါသထွက်လို့တဲ့။ ရိုက်ခံရတာကို ကိုယ်အရမ်းကြောက်တာပဲ၊ တကယ် နာတာကိုး၊ ဒါပေမဲ့ ကလေးဘဝတုန်းကတော့ ကိုယ်ဆိုးလို့ အမေက ရိုက် တယ် ထင်တာပေါ့၊ ရယ်တော့ ရယ်ရသားပဲ၊ ခံရပါများတော့ ထုံ ဆိုတာ မျိုးလားတော့ မသိပါဘူး၊ မနာဘူးလို့ အာရုံပြုထားလို့ ရလာသလို ဖြစ်လာ တယ်၊ အမေက ဘာမပြောညာမပြော ဖြုန်းဒိုင်းဆို ထထ ဆော်တတ်တော့ ကိုယ့်စိတ်ထဲမယ် အမြဲတမ်း အမေ ငါ့ကို ရိုက်တော့မယ်-ရိုက်တော့မယ်နဲ့ အသင့်ပြင်ထားရသလို ဖြစ်နေတယ်"

"စိတ်ဒုက္ခအရောက်ဆုံးကတော့ အမေက အမြဲကိုယ့်ကိုပဲ မဲရိုက် တာကိုပဲ၊ ကိုယ့်ညီလေးကို သူ လက်ဖျားနဲ့တောင် မတို့ဘူး၊ ကိုယ်တို့ နေတဲ့ မြို့လေးက သေးသေးလေး၊အနီးဆုံး မြို့ကြီးက အိုဒါဝါရာ၊အဲဒီမှာကလေး ကစားကွင်းအသေးလေး တစ်ခုရှိတယ်-ဈေးဝယ်စင်တာတစ်ခုရဲ့ အပေါ်ဆုံး ထပ်မှာပါ၊ အမေရယ် ကိုယ်တို့ ညီအကိုနှစ်ယောက်ရယ် အဲဒီကို သွားလေ့ ရှိတယ်။ ဒါပေမဲ့ ကိုယ် ငါးနှစ် ခြောက်နှစ်လောက်ရောက်တော့ အမေက ကိုယ့်ကို အိမ်ထဲထည့်ပိတ်ထားပြီး ကိုယ့်ညီကိုပဲ အဲဒီကို ခေါ်သွားတယ်။ တစ်ခါတော့ လိုက်ချင်လွန်းအားကြီးလို့ ပြတင်းပေါက်ကနေ ကျော်ချပြီး သူတို့နောက် ပြေးလိုက်သွားမိတယ်၊ ဘာပြောကောင်းမလဲ-အမေဟာ ကိုယ့်ကို တရွတ်တိုက် အိမ်ထဲဆွဲခေါ်ပြီး ရေချိုးခန်း ရေပိုက်တွေနားမှာ ကြိုးနဲ့ ချည် ထားတယ်၊ အဲဒီကိစ္စက မနေ့တစ်နေ့က ဖြစ်ခဲ့သလိုပဲ-ကိုယ့်စိတ်ထဲ ထင်ထင် ရှားရှားကြီးကို မှတ်မိနေတယ်။ ရေချိုးခန်း ကြမ်းပြင်ပေါ် လှဲရင်း အိပ်ပျော် သွားရော၊ နိုးလာတော့အပြင်မှာ မှောင်နေပြီ၊ ပြတင်းပေါက်ကနေ လှမ်းမြင် ရတာကတော့ လူသူကင်းမဲ့တဲ့ လမ်းကျဉ်းလေးတစ်ခုပဲ"

"နောက်ပိုင်းတော့ အလယ်တန်းပြ ဆရာတစ်ယောက်က ကိုယ် ခံနေရတာ သိသွားပြီး ကိုယ့်ကို နှိပ်စက်ခံရတဲ့ ကလေးများ ဂေဟာကို ပို့လိုက်တယ်၊ အဲဒီမှာ ကိုယ် ပုံစဆွဲဖြစ်တယ်၊ ဆွဲသမျှပုံတိုင်းဟာ ညမြင်ကွင်း လမ်းကျဉ်းကလေး ပုံတွေချည်းပေါ့"

ကာဝါရှီမာက ခေါင်းကို ညိတ်ရင်း-

"ဒါတွေ ကိုယ် ဘယ်သူ့ကိုမှ မပြောဖူးဘူး"

လို့ ပြောလိုက်တယ်။ ယိုကိုက သူ့လက်တွေကို ဆွဲယူ ဖျစ်ညှစ်။

mgyoe.com

mgyoe.com
SAMPLE BOOK


ဂင်ဇာမှာ တွေ့ကြပြီး တစ်နှစ်နဲ့ရှစ်လကြာတော့ သူတို့ လက်ထပ်လိုက်ကြတယ်။ ယိုကိုကသူ့မိဘတွေကို အကျိုးအကြောင်း ရှင်းပြပြီးလက်ထပ်ပွဲ မလုပ်ချင်ဘူး ပြောတော့သူတို့မအီမလည်နဲ့ လက်ခံလိုက်ရတယ်။တကယ်တော့ လက်ထပ်ပွဲမလုပ်တာဟာ ဘာတန်ဖိုး၊ ဘာစံကြောင့်မှ မဟုတ်ဘူး။ ကာဝါရှီမာဟာ သူ့အမေနဲ့ သူ့ညီကို ခုထက်ထိ ခွင့်မလွှတ်နိုင်သေးဘူးဆိုတာ ယိုကို သိနေလို့ပဲ။ ဒါကြောင့် သူ့ကို အခက်အခဲ မတွေ့စေချင်ဘူး။

"ကိုယ် ဂေဟာမှာနှစ်နှစ်ကျော် နေခဲ့ရတယ်၊ နောက်တော့ အဖေ့ရဲ့ အမေ ကိုယ့်အဘွားနဲ့ သွားနေတယ်၊ အထက်တန်းကျောင်းပြီးတော့ အမေ ကိုယ့်ကို လာတွေ့ပြီး တောင်းပန်တယ်၊ သူ့ဘက်သူယက်ပြီး တောင်းပန်တာပါပဲ၊ မင်း အမေ့ကို ခွင့်လွှတ်တယ် မဟုတ်လား၊ ဟင်...ခွင့်လွှတ်လားလို့ မေးတယ်၊ ကိုယ် ဘာမှမစဉ်းစားပဲဘဲ ခေါင်းညိတ်ပြလိုက်တယ်၊ ဒါပေမဲ့ ရုတ်တရက် ဘယ်လိုဖြစ်သွားမှန်း မသိဘူး၊ ကိုယ်သူ့မျက်နှာကို ရိုက်မိတယ်၊ အတော် ပြင်းပြင်းရိုက်မိတာ၊ ဒီတစ်ကြိမ်ပဲ ကိုယ် သူ့ကို ရိုက်ဖူးတာပါ"

ယိုကိုရဲ့ အလုပ်ထွက်မယ့် ဆုံးဖြတ်ချက်ကို ကာဝါရှီမာက မကန့်ကွက်ပါဘူး။ ယိုကို လုပ်သမျှ အားလုံး ထောက်ခံဖို့ သူ ဆုံးဖြတ်ထားပြီးသားပဲ၊ ကလေးယူမယ်ဆိုတော့လည်း သူ ဘာမှမပြောဘူး၊ သူ့ရုံးက လူတွေက သူအင်မတန် ပြောင်းလဲသွားတာကို ကြည့်ပြီး စ ကြတယ်၊ ယိုကိုဟာ သူ့ပေါင်မုန့်တွေကို နင့်ထဲ ထိုးထည့်လိုက်တာနေမှာ ဘာညာပေါ့လေ။ သူကတော့ သူ ပြောင်းလဲ၊ မလဲ သေချာ မသိပါဘူး။ ဒါပေမဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ပြီးကတည်းက သူ့ နာတာရှည် မိမိကိုယ်မိမိ မုန်းတီးခြင်း ဝေဒနာကြီး ပေါ်မလာတော့တာတော့ အသေအချာပဲ။ ကြောက်ရွံ့ထိတ်လန့်စရာ ဆေဒနာဟောင်းဟာ ရီးလေး မွေးပြီးတဲ့ အထိလည်း ပေါ်မလာဘူး။ အတိအကျပြောရရင် လွန်ခဲ့တဲ့ ဆယ်ရက်ကအထိ ပေါ်မလာခဲ့ဘူး။

သူ့ဝေဒနာရဲ့ စိတ်တစ်ဒုက္ခကတော့ စာဖွဲ့မပြနိုင်လောက်အောင်ပဲ။ တစ်ယောက်တည်း အထီးကျန်နေမှာကို သေမတတ် လန့်တယ်။ တစ်ယောက်ယောက် အနားမှာရှိနေစေချင်တယ်။ ဒါပေမဲ့တကယ်လို့ တစ်ယောက်ယောက်က အနားရောက်လာရင်လည်း ရှေ့ဆက် ဘာဖြစ်မယ်ဆိုတာမသိလို့ ထိတ်လန့်လာတယ်။ အဲဒီ အကြောက်ဝေဒနာဟာ သည်းမခံနိုင်လောက်အောင် ဆိုးလာတော့ တစ်ကိုယ်တော် ဇကစာရီ ကျင့်နေရပြန်တယ်။ ဒါနဲ့ပဲ သံသရာလည်နေတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK


လွန်ခဲ့တဲ့ဆယ်ည မတိုင်မီတုန်းက ကာဝါရှီမာဟာ တစ်ကိုယ်ရေ တီးတိုးရေရွတ်ရင်း ကုမ္ပဏီမော်ကွန်းတိုက်က ယူလာတဲ့ ၃၅ မီလီမီတာ ဂရပ်ဖစ် ဆလိုက်ပြားတွေကို ပြင်ဆင်နေခဲ့တယ်။ ယိုကိုဟားမား ဂျက်ဇ်ပွဲတော် ကြော်ငြာပိုစတာအတွက် ဂျက်ဇ်နဲ့ လားလားမှ မဆိုင်ဘူး ထင်ရတဲ့ ဓာတ်ပုံတွေပါ။ အဲဒီလို ကုန်ပစ္စည်းကို တိုက်ရိုက်ပေါ်တင် ကြော်ငြာတာ မဟုတ်တဲ့ ကြော်ငြာတွေဟာ သူ့ကျွမ်းကျင်ရာ အတတ်ပညာပါပဲ။ ကျူရှူးမှာ ပထမဆုံး ရုံတွင်းစကိတ်ကွင်း ဖွင့်တော့ အရာအားလုံးအတွက် ပထမဆုံး အကြိမ်ဆိုတာ ရှိသတဲ့ ဆိုတဲ့ စာသားကို ကော့ကေးရှန်း ကောင်လေး တစ်ယောက်နဲ့ကောင်မလေးတစ်ယောက်မွေးမွေးပေးနေပုံနဲ့ တင်လိုက်တာ ဝက်ဝက်ကွဲ အောင်မြင်တယ်။ ရုံးမှာ သူ ဟီးရိုး အသေးစားလေး ဖြစ်သွားခဲ့တယ်။ ခု ဂျက်ဇ်ပွဲတော်အတွက်လည်း ၁၉၄၀ လောက်က အဖြူအမည်း ဖက်ရှင်မော်ဒယ်ပုံတွေကို သူ အာရုံကျနေတယ်။ သဲသောင်ပြင်မှာ၊ ရေကူးကန်ထဲမှာ၊ ကမ်းခြေက ထီးရိပ်အောက်မှာ၊ မြက်ခင်းပြင်ပေါ် ကော့တေး သောက်နေကြတဲ့ မော်ဒယ်တွေ-အားလုံး ချို ပြုံး ကြည်မြ။

ဒါပေမဲ့ သူ ဒါတွေကို စိတ်မဝင်စားနိုင်၊ အာရုံမစိုက်နိုင်တော့ဘူး။

လွန်ခဲ့တဲ့ ဆယ်ညတုန်းက သူ ရေချိုးဇလားကြီးထဲမှာ ကလေးကို ရေချိုးပေးပြီး မျက်နှာသုတ်ပဝါကြီးနဲ့ အသင့်စောင့်နေတဲ့ ယိုကိုလက်ထဲ ကလေးကိုလက်လွှဲပေးလိုက်တယ်။ရေပန်းနဲ့ချိုးတဲ့ မှန်ခန်းတံခါးက တစ်ဝက်ဟလို့၊ ယိုကိုက ကလေးကို ရေသုတ်ရင်း အို့အို့ အေအေနဲ့ ချော့နေချိန် သူ ရေဇလားထဲဝင်လှဲရင်း သားအမိနှစ်ယောက်ကို ကြည်ကြည်နူးနူး ပြုံးပြီး ကြည့်နေတုန်း ဝုန်းခနဲ သူ့ခေါင်းထဲ အတွေးတစ်ခု မိုးပေါ်က ကျသလို ရောက်လာတယ်။ သူ့မျက်နှာပေါ်က ကြွက်သားတွေ အေးခဲ ကြွက်တက် ကုန်သလိုပဲ။

ဒီမယ်... ဒီကလေးကိုငါရေခဲခွဲတဲ့ စူးနဲ့ မထိုးဘူး၊ မထိုးဘူး မဟုတ်လား။

အငွေ့တထောင်းထောင်းထနေတဲ့ ရေဇလားထဲ ဝင်ထိုင်နေတာ ဘယ်သူတုံး။ ယိုကိုက ရေချိုးခန်းထဲက မထွက်ခင် လှည့်ပြီး တစ်ခုခု ပြောနေတယ်။ သူ သိစိတ် မရှိဘူး။

mgyoe.com

mgyoe.com
SAMPLE BOOK


"ကာဝါရှီမာ-ကာဝါရှီမာ-ဘာဖြစ်လို့လဲ၊ ဘာဖြစ်တာလဲဟင်-ကာဝါရှီမာ"

သတိပြန်ဝင်လာတော့ ယိုကိုဟာ သူ့ကို အကြိမ်ပေါင်းများစွာခေါ်နေတာကိုး။

"ဟင်....မင်းရှိနေသေးတာလား၊ကိုယ်ငုတ်တုတ်ကြီးအိပ်မက်မက်သွားတယ် မှတ်တယ်"

တကယ်လည်း ခုမှမိန်းမနဲ့ကလေးရှိနေတာကိုသတိထားမိတယ်။ အင်မတန်ပူတဲ့ ရေထဲစိမ်နေပေမယ့် သူ့တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထနေပါ့ လား။

အဲဒီအချိန်ကစလို့ ချွန်မြ ပြောင်လက်နေတဲ့ ရေခဲခွဲစူးကို သူ့အာရုံထဲက ဖျောက်လို့ မရတော့ဘူး။

မဖြစ်ဘူး-ဘယ်နည်းနဲ့မှမဖြစ်ဘူး၊သမီးလေးကို ဘယ်တော့မှ စူးနဲ့မထိုးရဘူးလို့ သူ့ကိုယ်သူ အကြိမ်ရာထောင်ချီပြောနေပေမယ့် ဘယ်ကမှန်းမသိ ထွက်လာတဲ့ အတွင်းက အသံတသံက ထိုးချင်ထိုးမှာပေါ့လို့ချည်းပြောနေတယ်။

အဲဒီညကစလို့သူဟာကလေးပုခက်နားမတ်တတ်ရပ်-လက်ထဲမှာ ရေခဲခွဲစူးကို ကိုင်ပြီး ငါဘာမှမဖြစ်ဘူး၊ ငါအဆင်ပြေတယ်၊ ငါ သမီးကို ဘယ်တော့မှဒီစူးနဲ့မထိုးဘူးလို့အခိုင်မာသံနှိ့ဒွာန်ချမပြီးမချင်း သူအိပ်ရာထဲမဝင်နိုင်ဘူး ဖြစ်လာတယ်။

ကာဝါရှီမာဟာ စားပွဲပေါ်က မီးကိုပိတ်၊ဗီရိုထဲက သားရေဂျာကင်ကို ဆွယ်တာပေါ် ထပ်ဝတ်ပြီး အခန်းတံခါးဆီ ဦးတည် ခြေလှမ်းပြင်လိုက်တယ်။

❐

mgyoe.com

mgyoe.com
SAMPLE BOOK

# အခန်း (၃)

သူတို့တိုက်ခန်းက လေးထပ်အဆောက်အအုံရဲ့ ဒုတိယထပ်မှာ။ တံခါးကို သူ အသံမမြည်အောင် ပိတ်တယ်။ သော့ပိတ်တာ သေချာအောင် အကြိမ်ပေါင်းများစွာ စစ်တယ်။ ပြီးတော့ လှေကားကတစ်ဆင့် ဆင်းလာခဲ့တယ်။ အဆောက်အအုံရဲ့ ဘုံဧည့်ခန်းထဲမှာ အစောင့်တွေ ရှိမနေဘူး။ ပိတ်ထားတဲ့ မှန်တံခါးကတစ်ဆင့် အဆောက်အအုံထဲဝင်ချင်ရင် ကိုယ့်မှာရှိတဲ့ လျှို့ဝှက်နံပါတ်နဲ့ တံခါးဖွင့်ချင်ဖွင့်၊ ဒါမှမဟုတ် အထဲက တစ်ယောက်ယောက်ကို အင်တာကွန်းကနေ လှမ်းခေါ်ချင်ခေါ်။ အပြင်ထွက်ချင်ရင်တော့ တံခါးဖွင့်ပါလို့ ရေးထားတဲ့ အပြားလေးကို နှိပ်လိုက်ရုံပဲ။ ဒါပေမဲ့ အထဲက တစ်ယောက်ယောက် အပြင်ထွက်သွားတုန်း သူစိမ်းတွေ အထဲကို လှစ်ခနဲ မဝင်နိုင်အောင် အသေအချာ စီမံထားတယ်။ သိပ်မကြာသေးခင်က အစားအသောက်ပို့တဲ့လူ အယောင်ဆောင် ဝင်လာပြီး အခန်းတစ်ခုကို ဓားပြတိုက်သွားဖူးတယ်။ တချို့ ချာတိတ်တွေကလည်း လူသူတိတ်ချိန် ခိုးဝင်ပြီး ဧည့်ခန်းနံရံမှာ ဂရပ်ဖတီပုံတွေ မှုတ်ဆေးနဲ့ မှုတ်သွားတယ်။ စောက်ရူး တစ်ကောင်ကလည်း အင်တာကွန်းကို မီးရှို့ သွားဖူးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


အပြင်ရောက်တော့ကာဝါရှီမာဟာ ဂျာကင်ဇစ်ဆွဲတင်ပြီးကော်လာကို ထောင်လိုက်တယ်။ သူ အေးတာကို ကြိုက်တယ်။ မဟားတရား အပူပေးထားတဲ့ အခန်းထဲ နေရရင် သူ စိတ်ညစ်လာရော။ အပြင်လောကနဲ့ သူ့ခန္ဓာအကြားက နယ်ခြားမျဉ်းဟာ စိတ်ပျက်ဖို့ကောင်းလောက်အောင် ကြီးထွားကျယ်ပြန့်လာသလို ခံစားရတယ်။

ယိုကိုကနိုးသာလာတယ်။ ဘာမှသတိထားမိပုံမပေါ်ပါဘူး။ သူတို့ ရပ်ကွက် ကိုကူဘန်ဂျိရဲ့ လူသူမရှိတဲ့ လမ်းပေါ် ရပ်ရင်း ကလေးနဲ့ ဝေးလာတဲ့ အတွက် သူ စိတ်သက်သာရာ ရနေတယ်။

အင်း...ဒါငါရူးတာနေမှာ၊သမီးကိုစူးနဲ့ထိုးတယ်လို့ စိတ်ရူးပေါက်တွေးနေတာနေမှာ။ တကယ်တော့ ငါ သမီးကို ဘယ်လိုလုပ် စူးနဲ့ထိုးနိုင်မှာ လဲကွာ။ ဒါပေမဲ့ အတွေးဟာ ဘာလို့ ဒီလောက် ရက်စက် ရိုင်းစိုင်းရတာ တုံးကွာ။ မင်္ဂလာဆောင်မှာအမှတ်တရစကားပြောရင်း ပေါက်ကရပြောမိလို့ ဝိုင်းရယ်ခံရတာတို့၊ ရထားပေါ်မှာ စိတ်တွဇလူသတ်သမားနဲ့ မျက်လုံးချင်း ဆုံမိလို့ အမယ်လေး... သူ ငါ့နောက်လိုက်လာရင် ဒုက္ခလို့ တွေးမိတာမျိုး၊ ကမ္ဘာပေါ်မှာ ကိုယ့်အတွေးနဲ့ကိုယ် စိတ်ဒုက္ခရောက်ရတာမျိုးတွေမှ ရိုက် သတ်လို့ မကုန်။ ပုံမှန်ဆိုရင်တော့ ကြောက်နေတာကို ရဲရဲရင်ဆိုင်ပစ်လိုက်၊ ဒါမှမဟုတ် တစ်ယောက်ယောက်ကို ပြောပြလိုက် ဒီလို ဖြေရှင်း တတ်ကြ တယ်။

ပုံမှန်ဆိုရင်ပေါ့လေ။

သူတို့အဆောက်အအုံနဲ့ကပ်လျက်အဆောက်အအုံရဲ့မြေညီထပ်မှာ ဗွီဒီယိုအငှားဆိုင်လေး ရှိတယ်။ အလုပ်တအားများတဲ့နေ့တွေဆို ပြန်လာ ရေမိုးချိုး၊ညစာစားပြီးရင်ယိုကိုနဲ့သူဝိုင်တစ်ခွက်၊ဘီယာတစ်ဖလားနဲ့ဗွီဒီယို အခွေထိုးပြီး ရုပ်ရှင်ထိုင်ကြည့်ကြတယ်။ ယိုကို မီးဖွားခါနီးတစ်ည သူတို့ နှစ်ယောက် ဇာတိစိတ် (အခြေခံသိမှတ်မဲ့တုံ့ပြန်စိတ်) ဇာတ်ကားကို ကြည့် ကြတယ်။ ရေခဲခွဲတဲ့စူးနဲ့ ထိုးသတ်လိုက်တဲ့ လူသတ်မှုနဲ့စတဲ့ ပထမအခန်း ကြည့်လိုက်ကတည်းက ကာဝါရှီမာ ထပြေးချင်နေပြီ။ ဒါပေမဲ့ယိုကိုက အင်း... ကလေးအတွက် ကောင်း၊ မကောင်းတော့ မသိဘူး၊ ဇာတ်ကတော့ စိတ်ဝင် စားစရာပဲနော်လို့ ခပ်မြူးမြူးလေး ပြောလို့ သူနဲ့အတူ တစ်ကားလုံး ထိုင်ကြည့် ဖြစ်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK


လွန်ခဲ့တဲ့ဆယ်ရက်လုံးလုံး သူစိတ်ထဲ စဉ်းစားနေမိတာက ဘာဖြစ်လို့များ သမီးကို စူးနဲ့ထိုး၊ မိန်းမကိုတော့ မထိုး ဆိုတဲ့ စိတ်ကူးပေါ်လာသလဲ လို့ပေါ့။ သူတို့ ဇာတ်ကားကြည့်နေချိန်ကို ပြန်စဉ်းစားမိတော့ သူ အဖြေရသွားခဲ့တယ်။ ယိုကိုက သူနဲ့စကားပြောနိုင်၊ ဆက်သွယ်နိုင်၊ ဘဝချင်း ဖလှယ်နိုင်တာကိုး။ စိတ်ကူးရဲ့ မိစ္ဆာစိတ်အင်အားကို တစ်ယောက်ယောက်နဲ့ စကားပြောနိုင်ခြင်းက အဆိပ်ဖြေနိုင်စွမ်း ရှိတာကိုး။ သူ့ဘဝရဲ့ ဒဏ်ရာ ဒဏ်ချက်တွေကို ယိုကိုက ကောင်းကောင်း နားလည်တယ်။ ဖြေဖျောက် နှစ်သိမ့်ပေးနိုင်စွမ်း ရှိတယ်။ မေ့လိုက်ပါရှင်ရယ်၊ အို...သနားစရာ ယောကျ်ားရယ် အစရှိသည်ဖြင့် သာယာညင်းပြောင်း ပြောတတ်တယ်။ ပြောပြတိုင်း စကားလမ်းကြောင်း လွှဲပစ်တာမျိုး ဘယ်တော့မှ မရှိဘူး။ သူပေးတဲ့ အကြံဉာဏ်တွေဟာ တကယ့်ကို အထောက်အကူ ဖြစ်တယ်၊ ရှင်းတယ်။ နားထောင်ကြည့်။

"ယောကျ်ားရယ်၊ ရှင့်မှာ နာတာရှည်ရောဂါတစ်ခု ရှိနေတယ် ဆိုပါစို့၊ အဲဒီအပေါ် စိတ်ဆင်းရဲပြီး ဒေါသဖြစ်ပြီး အလိုမကျဖြစ်ပြီး နေမယ်ဆိုပိုဆိုးဖို့ပဲ ရှိမှာပေါ့ မဟုတ်ဘူးလား၊ကြိုက်ကြိုက်၊မကြိုက်ကြိုက် ရှိတဲ့ရောဂါနဲ့ သဟဇာတဖြစ်အောင် အသားကျအောင် မိတ်ဟောင်းဆွေဟောင်းတွေလိုနေရင် စိတ်သက်သာတာပေါ့" ဒီလိုမျိုး။

"လူတွေဟာကြီးလာရင် ငယ်ငယ်တုန်းက ဘယ်လောက် ကူကယ်ရာမဲ့ခဲ့တယ်၊ ဘယ်လောက် ကြောက်ခဲ့ရတယ် ဆိုတာကို မေ့သွားကြရောနော်၊ ဘာလို့လဲ မသိ" ဆိုတာမျိုး။

"ရီးလေး မမွေးသေးခင်အထိ ကလေး ကရိကထ ဘယ်လောက်များတယ်ဆိုတာကျွန်မ သေချာမသိခဲ့ဘူး၊ခုတော့သိပြီလေ-ယောကျ်ားရယ် ရှင့်အမေလည်း ဒီလို တွေးချင် တွေးခဲ့ဖူးမှာပေါ့နော်" ဒီလိုမျိုး။

ယိုကိုရဲ့ အဲဒီအပြောလေးတွေဟာ အကြိမ်တိုင်း သူ့ကို နှစ်သိမ့်ပေးနိုင်ခဲ့တယ်။ ဆွေးထွေးလွှန်းခဲ့တယ်။ ဒါကြောင့်မို့ ဇာတိစိတ် ဇာတ်ကားရဲ့ ပထမအခန်းဟာသူ့ကိုအရိုက်ထိုးသလိုဖြစ်ခဲ့ပေမယ့်နောက်ပိုင်းအခန်းတွေမှာ ရေခဲခွဲစူးကို သူ ယိုကိုနဲ့အတူ အေးအေးဆေးဆေး ကြည့်နိုင်စွမ်း ရှိလာခဲ့တယ်။

ဗွီဒီယိုအခွေဆိုင်ရှိတဲ့အဆောက်အအုံရဲ့ဘေးကပ်လျက်အဆောက်အအုံမှာ စာအုပ်ဆိုင် ရှိတယ်။ အဲဒီအဆောက်အအုံ နှစ်ခု ကြားမှာလမ်းကြား

mgyoe.com

mgyoe.com

SAMPLE BOOK


လေး တစ်ခု ရှိတယ်။ လူကြီးတစ်ယောက် ဝင်သာရုံ လမ်းကြားကလေးပါ။ နောက်မှာ တခြားအဆောက်အအုံတစ်ခု ပိတ်ထားတဲ့ တစ်ဖက်ပိတ် လမ်းကြားကလေးပေါ့။ လမ်းကြားကလေးက ပိန်းပိတ်အောင် မှောင်နေတယ်။ ဒါပေမဲ့ မည်းမည်းအရိပ်ကလေးနှစ်ခုသုံးခုလောက် တွေ့နေရတယ်။ကလေးတွေလား မသိ။ ခုတော့ အရိပ်တွေက လုံးဝမလှုပ်ဘူး။ ကာဝါရှီမာ ကြည့်နေမှန်းသိလို့ ငြိမ်နေကြတာ ဖြစ်မယ်။ ကာဝါရှီမာဟာ သူတို့ကို ခေါ်ထုတ်ဖို့၊ ဒါမှမဟုတ် လမ်းကြားထဲ ဝင်ကြည့်ဖို့ လုံးဝစိတ်မကူးဘူး။ ကိုးနှစ်၊ ဆယ်နှစ်အရွယ် ကလေးတစ်ယောက်ဟာ ဘယ်လောက်ထိ အန္တရာယ်ပေးနိုင်တယ်ဆိုတာ သူ ကောင်းကောင်း သိတယ်။ ဟော-လမ်းကြားထဲမှာ ရဲရဲနီတဲ့ အလင်းရောင်လေး တစ်ခု တွေ့ရပြန်ပြီ။ စီးကရက်မီးလား-စီးကရက်နဲ့လည်း မရပါဘူး။ ကြောင်တို့ ကြွက်တို့များလား-မျက်လုံးကို လမ်းမီးအလင်းပြန်ပြီး အရောင်ထွက်နေတာလား။ အဲဒီ လမ်းကြားထဲမှာ အမှိုက်ပုံးတွေ၊ ရေဆိုးမြောင်းတွေပဲရှိတာ။ ခုနက ကောင်လေးတွေဟာ လမ်းကြားထဲ ဝင်ပြီး ကြွက်တွေ လျှောက်သတ်နေတာများလား။

နှိပ်စက်ခံရတဲ့ ကလေးများ ဂေဟာမှာ နေခဲ့ရတုန်းက သူ့မှာ တာကူးချန် ဆိုတဲ့ သူငယ်ချင်းတစ်ယောက် ရှိခဲ့ဖူးတယ်။ ဂေဟာမှာ ယုန်ထီးယုန်မတစ်စုံကနေ သားပေါက်တော့ တာကူးချန်က ယုန်ကလေးတစ်ကောင် ယူထားတယ်။ အဲဒီ ယုန်ကလေးက သူ့ အသက်ဘူးပဲ။ အိပ်ရင်တောင် ဖက်အိပ်တာ။ ဒါပေမဲ့ တစ်နေ့မှာတော့ ဘာမှအကြောင်းပြချက် ရေရေရာရာ မရှိဘဲနဲ့ တာကူးချန်ဟာ ကာဝါရှီမာ့ရှေ့မှာပဲ သူ အင်မတန်ချစ်လှတဲ့ ယုန်ကလေးကို နားရွက်ကကိုင်ပြီး သံမံတလင်းပေါ် ဆောင့်ပေါက်ချလိုက်တယ်။ ကြွေအိုးကွဲသလို အသံမျိုး ချောက်ချားစရာကောင်းအောင် ထွက်လာတယ်။ ဒါပေမဲ့ ယုန်ကလေးဟာ မသေသေးဘူး။ ဆန့်ငင်ဆန့်ငင်နဲ့ တစ်စစီဖြုတ်ခံထားရတဲ့ အရုပ်ကလေး တစ်ရုပ်လို တွားသွားဖို့ ကြိုးစားနေရှာတယ်။ တာကူးချန်ဟာ မထုံတက်သေးရုပ်နဲ့ ယုန်ကလေးခေါင်းကို စိစိကြေသွားတဲ့အထိ အချက်ပေါင်းများစွာ ဖနောင့်နဲ့ ပေါက်တယ်။ စီးထားတဲ့ ဖိနပ်ခွာနဲ့ ဆောင့်နင်းတာပေါ့။ ပြီးတော့ မွကြေနေတဲ့ ယုန်ကလေးကို တစ်ချက်တောင် လှည့်မကြည့်ဘဲ နောက်ထပ် ယုန်ကလေးတစ်ကောင် ထပ်ယူဖို့ ထွက်သွားခဲ့တယ်။

mgyoe.com

 mgyoe.com SAMPLE BOOK 

ကာဝါရှီမာနဲ့ တာကူးချန်ဟာ ပုံဆွဲဖော်ဆွဲဖက်ပဲ။ တာကူးချန်ရဲ့ ပုံတွေဟာလည်း ကာဝါရှီမာလိုပဲ အမြဲတမ်းတစ်ပုံစံတည်း။ ပုံဆွဲစာရွက်ကို အနက်ရောင်၊ နက်ပြာရောင်၊ ခရမ်းရောင် တစ်ခုခု စာမျက်နှာပြည့် ချယ် လိုက်ပြီး အလယ်ကောင်တည့်တည့်မှာ ခေါင်းဆုံး ခြေဖျား မြားတွေစိုက်နေတဲ့ ဝတ်လစ်စားလစ်ကောင်လေး တစ်ယောက်ပုံ။ ကလေးတွေကို နှစ်သိမ့် ဆွေးနွေး အကြံပေးတဲ့ ကျွမ်းကျင်သူက ပုံကိုကြည့်ရင်း ဒါဘယ်သူ့ပုံလဲလို့ သူ့ကို မေးဖူးတယ်။ တာကူးချန်က သူ့ပုံလို့ ဖြေတယ်။ တကယ်လို့ မင်း မဟုတ်ခဲ့ရင် ဘယ်သူ့ပုံဖြစ်မလဲ လို့ ထပ်မေးတော့ ကျွန်တော် မဟုတ်ရင် ဘယ်သူ့ပုံဖြစ်ဖြစ် သောက်ဂရုမစိုက်ဘူးလို့ ပြန်ဖြေခဲ့တယ်။

ညလုံးပေါက်ဖွင့်တဲ့ စတိုးဆိုင်ကို သွားမယ်လို့ ဆုံးဖြတ်ပြီး ကာဝါ ရှီမာ ဆက်လျှောက်လာခဲ့တယ်။ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်အောင် အချိန်ပေးပြီး ဖြည်းဖြည်းလျှောက်ပေမယ့် ခုထိ နှလုံးခုန်သံက ပုံမှန် မဟုတ် သေးဘူး။ ရာသီဥတုက အတော်လေး အေးတယ်။ အအေးဓာတ်က ဖိနပ် အောက်ခံပြားကို ဖောက်ပြီး ခြေဖဝါးထိစိမ့်လာတယ်။အသက်ရှူထုတ်လိုက် တိုင်း အငွေ့တွေ ဖြစ်သွားတယ်။ အငွေ့တွေ အများကြီး ထွက်နေတာ ကြည့်ရင် သူ့အသက်ရှူသံ ဘယ်လောက် မြန်နေတယ်ဆိုတာ အသေအချာ သိနိုင်တယ်။

လမ်းတစ်ဖက်ကအဆောက်အအုံရဲ့တတိယထပ်ထောင့်ခန်းတစ်ခု မှာပြတင်းပေါက်ဖွင့်ပြီး ဆံပင်တိုနဲ့မိန်းမတစ်ယောက် ဆေးလိပ်သောက်နေ တယ်။ မှောင်နေတော့ သူ့မျက်နှာကို သေချာမမြင်ရဘူး။ ဒါပေမဲ့ အသက် တော့ သိပ်မငယ်လောက်ဘူး ထင်ရတယ်။ သူ့အာရုံထဲမှာ သွေးကြောတွေ ထောင်နေတဲ့ ခြောက်ကပ်ကပ် အရေပြားဖုံးထားတဲ့ အမျိုးသမီးရဲ့ စီးကရက် ကိုင်ထားတဲ့ လက်ကို မြင်ယောင်နေတယ်။ ပရုတ်အေး စီးကရက် အနက် ကလေးကို ကိုင်ထားတဲ့ သူ့လက်ဟာ ဆောင်းဦးရွက်ကြွေလို သွေ့ခြောက် တွန့်လိမ်လို့။

သူ့အသက် ဆယ့်ခုနစ်နှစ်မှာ ဒီအမျိုးသမီးနဲ့ စတွေ့ခဲ့တယ်။ နှစ်နှစ် နီးပါး သူနဲ့အတူ နေခဲ့တယ်။ အဲဒီအမျိုးသမီးဟာ သူ့ထက် ဆယ့်ကိုးနှစ် လောက်ကြီးတဲ့အတွက် အမေနဲ့သားလို့အထင်မှားခံရတာ ခဏခဏ။ အဲဒီလို ခေါ်ခံရတိုင်း ဒီမိန်းမဟာ အသိရခက်တဲ့ မခို့တရို့ အပြုံးမျိုး ပြုံးတတ်

mgyoe.com

mgyoe.com  SAMPLE BOOK 

တယ်။ ဒါပေမဲ့ သူတို့နှစ်ယောက်တည်း ရှိတဲ့ အချိန်ကျရင်တော့ သူတို့ကို အမေနဲ့ သားလားလို့ မေးတဲ့လူတွေကို ဒီမိန်းမဟာ မပြီးနိုင် မစီးနိုင် ပွစိပွစိ ကျိန်ဆဲနေတော့တယ်။ သူတို့ စတွေ့ခါစက အမျိုးသမီးက ဂိုတန်ဒါမှာ ဖော်ချွတ်မယ် လုပ်တယ်။ အတူနေကြတဲ့ နှစ်နှစ်အတွင်း သူ ကလပ်ပေါင်း တစ်ဒါဇင်လောက် ပြောင်းခဲ့တယ်။

ဖော်ချွတ်ပွဲမှာတွေ့လာတဲ့ ယောကျ်ားတွေကို သူ အိမ်ခေါ်ခေါ်လာ တယ်။ ကာဝါရှီမာ ရှေ့မှာပဲ သူအဲဒီယောကျ်ားတွေနဲ့ မရိုးမရွ လုပ်တမ်း ကစားတယ်။ သူတို့က မေးရင် မူးမူးရူးရူးလေသံနဲ့ ဒါ မောင်လေးလေလို့ ပြောတယ်။ အဲဒီလို ယောကျ်ားတွေ ပြန်သွားရင် သူ ကာဝါရှီမာကို ခုန်အုပ်၊ ပါးရိုက်၊ လက်သီးနဲ့ ထိုးပြီး အသံစူးစူးနဲ့ နင်းခွအော်တတ်တယ်။

"မသာကောင်လေး-မင်းတို့ကို တကယ်ချစ်ရင် အသေကောင်ကြီး လို ထိုင်ပြီး တို့ တခြားယောကျ်ားတွေနဲ့ ဖြစ်ချင်တိုင်း ဖြစ်နေတာကို ထိုင် ကြည့်နေပါ့မလား၊ သူတို့ကို ရိုက်ထုတ်ပေါ့၊ သတ်ချင်သတ်ပစ်ပေါ့"

သူ ပြောတာ အဟုတ်မှတ်လို့ တချို့ကို ကာဝါရှီမာ ရိုက်ထုတ်ဖူး တယ်။ အဲဒီကျတော့ အမယ်လေး... ငါ့ကို ထမင်းငတ်အောင် လုပ်နေပြီ၊ သေချင်းဆိုးလေး-ကျက်သရေတုံးလေး ဆိုပြီး မိုးမွှန်အောင် အော်ဆဲပြန် ရော။ ကက်ကက်လန်အော်၊ အသားကုန် သောင်းကျန်းပြီး နောက်ဆုံး သတိ လက်လွတ် ပုံရက်လဲသွားတော့မှ ရပ်တော့တယ်။ အင်မတန် ကျက်သရေ တုံးတဲ့၊ မုန်းစရာ ရွံ့စရာကောင်းတဲ့ သူတောင်းစားမကြီး။ လူတစ်ယောက် ဟာ ဒီလောက် အောက်တန်းကျ သေးသိမ် ယုတ်ကန်းတာ အံ့သြစရာလို့ သူ တွေးနေတတ်တယ်။ ဒီလိုမိန်းမမျိုးကို ဂရုတစိုက်ရှိတာဆိုလို့ လောကမှာ သူတစ်ယောက်ပဲ ရှိမယ် ထင်တယ်။ ဒါကြောင့်လည်း ဒီမိန်းမဟာ သူ့ကို ဘယ်တော့မှ မစွန့်လွှတ်နိုင်ဘူး ဖြစ်နေတာ။

ဒီမိန်းမကြီးကို ရေခဲခွဲတဲ့ စူးချွန်နဲ့ ထိုးပစ်ခဲ့တဲ့ ညကို သူ သေသေချာချာ ရှင်းရှင်းလင်းလင်း မမှတ်မိဘူး။ သူ အဲဒီညက ဘော်ဒါ တစ်ယောက်နဲ့ ကော်ရှူ (သင်နှာရှူ) ရင်း အိမ်ပြန်နောက်ကျတယ်။ ကော်ရှူ ထားလို့ သူ့စိတ်က တိမ်သလာ ဖုံးနေတယ်။ အခန်းအလယ်မှာ ရေနံဆီ မီးဖိုနဲ့ ရေနွေးအိုးတည်ထားတယ်။ ဟိုမိန်းမက ပြန်ရောက်ခါစ၊ မှန်ရှေ့ ထိုင်ပြီး မိတ်ကပ်တွေ ဖျက်နေတုန်း။ ကာဝါရှီမာက သူ့ကို နောက်ကနေ

mgyoe.com

mgyoe.com

SAMPLE BOOK


ဖက်ဖို့ကြိုးစားတော့ အဖက်မခံဘူး။ ငါ့ကိုလာမထိနဲ့တဲ့။ အေးစက်လှတဲ့ အပြောနဲ့ အမူအရာက ကြောက်စရာပဲ။ ထပ်ဖက်ဖို့ကြိုးစားတော့ လက်တွေကို အကြမ်းပတမ်း ဖယ်ပစ်ပြီး-

"သူတောင်းစားလေး-နင့် ကော်ရှူထားတဲ့ အနံ့တွေနဲ့ ငါ့နားလာမကပ်စမ်းနဲ့"

လို့ ကက်ကက်လန်အောင် အော်တယ်။

ကာဝါရှီမှာ ဆောက်တည်ရာ မရအောင် ဖြစ်သွားတယ်။ သူ ငါ့ကို စိတ်ဆိုးနေပြီ၊ အကြီးအကျယ် စိတ်ဆိုးနေပြီ၊ ငါ ကိုယ့်ကိုယ်ကိုယ် အပြစ်ပေးရမယ်-အပြစ်ပေးရမယ်၊ ဟုတ်တယ်-အဲဒီလို မလုပ်ရင် သူ ထွက်သွားလိမ့်မယ်၊ ငါ သူ့ကို ဆုံးရှုံးရလိမ့်မယ်။ ကာဝါရှီမာဟာ ပွက်ပွက်ဆူနေတဲ့ ရေနွေးအိုးထဲ သူ့ ညာလက်ကို နှစ်လိုက်တယ်။

အရေပြားတွေ ကွာပြီး နီရဲနေတဲ့ သူ့လက်ကိုပြတော့ အမျိုးသမီးက သူ့ကို ချီးဘရိန်းလို့ ပြောပြီး ရေချိုးခန်းထဲ ဝင်သွားတယ်။ အသွားမှာ အဝတ်တွေ တစ်ခုချင်း ချွတ်ချသွားတယ်။

ရေချိုးပြီးရင် သူထွက်သွားတော့မယ်၊ ပြန်လာမှာ မဟုတ်တော့ဘူး၊ သူ ပြန်မလာရင် ငါဘယ်လိုလုပ်ရမလဲ၊ သူပြန်လာအောင် ဘယ်လောက်ကြာကြာစောင့်နေရမှာလဲ၊ ဟင့်အင်း...ငါသူ့ကိုသွားခွင့်မပေးနိုင်ဘူး၊ မသွားရဘူး၊ မဖြစ်ဘူး။

ခေါင်းထဲမှာ ချာချာလည်နေတယ်။ သင်း ရေချိုးမပြီးခင် တစ်ခုခုလုပ်မှဖြစ်မယ်။ ကာဝါရှီမာရဲ့ အမြင်၊ အကြား၊ အနံ့အာရုံတွေ တစ်ခုနဲ့တစ်ခု ထိပ်တိုက်တိုး၊ ဝုန်းခနဲ ပေါက်ကွဲ၊ လက်သည်းတွေ မီးလောင်ထားတဲ့ ညှော်နံ့တွေရ၊ သူသိလိုက်တဲ့ အချိန်မှာ ရေချိုးခန်းဆီးကိုဖွင့်ပြီး ရေခဲခွဲစူးချွန်ကို သင်း ဗိုက်ထဲ ထိုးထည့်လိုက်ပြီ။

ရေမြှုပ်ထဲ ပင်အပ်ဝင်သလို ရေခဲခွဲစူးဟာ သူ့ဗိုက်ထဲ အတားအဆီးမရှိ ဝင်သွားခဲ့တယ်။ ဖြူဖွေးနေတဲ့ ဝမ်းဗိုက်ထဲ စွပ်ခနဲ ဝင်သွားတာ။ ဆွဲထုတ်လိုက်တဲ့အခါ အပေါက်ကလေးကနေ သွေးပျစ်ပျစ်တွေ ပွက်ခနဲ ကျလာတယ်။

ရေနွေးပူလောင်ထားတဲ့ လက်ထဲက ရေခဲခွဲစူးဟာ လွတ်ကျသွားခဲ့တယ်။ အဲဒီနောက်ပိုင်း ကိစ္စတွေ သူသေချာ မမှတ်မိဘူး။ ရဲတွေ ရောက်လာ

mgyoe.com

mgyoe.com SAMPLE BOOK


လား၊ မရောက်လာဘူးလား ဆိုတာတောင် သူ ဝေဝေဝါးဝါး ဖြစ်နေတယ်။ အကြိမ်ရာချီမက်တဲ့ အိပ်မက်တွေထဲမှာတော့ ရေခဲခွဲစူးဟာ ရေချိုးခန်း ကြမ်းပြင်ကနေ လိမ့်ပြီး ရေချိုးဇလားအောက် ဝင်သွားတယ်လို့ သူ ခဏ ခဏမက်တယ်။ အိပ်မက်ထဲမှာ သူ ဇလားအောက်က ရေခဲခွဲစူးကို ဝင်နှိုက် တယ်။ အပူပေးစက်ကြောင့် လက်အပူလောင်တာပဲ အဖတ်တင်တယ်။ မရဘူး။ ဒီလိုအိပ်မက်တွေက နိုးလာရင် ညာလက်ဟာ တကယ် အပူလောင် နေသလား ထောင်ကြည့်မိသေးတယ်။ တကယ်လို့ ရဲတွေ ရောက်လာခဲ့ ရင်တောင် ဒီမိန်းမဟာ အမှန်ပြောပုံ မပေါ်ဘူး။ ကာဝါရှီမာဟာ ဘာမှ အမေးအမြန်း မခံရဘူး။ သူ ဆေးရုံသွားတုန်း ကာဝါရှီမာ အဲဒီအိမ်က ထွက်ပြေးလာခဲ့တယ်။ နောက်ပိုင်း သူ အဲဒီကို အကြိမ်ပေါင်းများစွာ ပြန် ရောက်တယ်။ အဲဒီမိန်းမက အတွေ့မခံဘူး။ နောက်ဆုံး အိမ်ပြောင်းသွား တယ်။ ရေခဲခွဲစူးဟာ အဲဒီအိမ်ရဲ့ ရေချိုးခန်းထဲက ဇလားအောက်မှာ ရှိနေတုန်းပဲလို့ ကာဝါရှီမာ အသေအချာ ယုံကြည်တယ်။ တစ်နေ့နေ့တော့ သူ အဲဒီကို သွားပြီး သေချာအောင် ကြည့်ဦးမယ်။

စတိုးဆိုင်ရှေ့ရောက်တော့သူ့နှလုံးခုန်သံ ပုံမှန်ဖြစ်နေပြီ။ ဟိုမိန်းမ အကြောင်း တွေးလိုက်လို့လား မသိ။ သူ ဆိုင်ထဲ ဝင်လိုက်တယ်။ ဆိုင်ထဲက အနွေးဓာတ်က သူ့ကို စောင်နဲ့လွှတ်လိုက်သလိုပဲ။ သူ့ခန္ဓာကိုယ် ကောက် ကြောင်းတွေ ဝေဝါး မှိန်ဖျော့သွားသလို ခံစားလိုက်ရတယ်။ ဈေးဝယ် ခြင်းတောင်းကို လှမ်းယူနေတုန်း သူ့ညာဘက်က ကောင်တာမှာ ထိုင်နေ တဲ့ စာရေးက မင်္ဂလာပါ ခင်ဗျာလို့ သူ့နောက်က လိုက်ဝင်လာတဲ့ စုံတွဲကို ခရီးဦးကြို အာလုတ်ပြုသံ ကြားလိုက်ရတယ်။ စုံတွဲက အင်မတန် ချမ်းနေ ပုံပဲ၊ တစ်ယောက်နဲ့တစ်ယောက် တင်းတင်းဖက်ထားတယ်။ မဂ္ဂဇင်းစာအုပ် တွေဘက် သူတို့ သွားကြတော့ စာရေးက ခေါင်းငုံ့ပြီး စာရင်းပြန်လုပ်နေ တယ်။ ဒီအခြေအနေကြောင့် ကာဝါရှီမာရဲ့ ခံစားချက်ဟောင်းတွေ ပြန်ဖြစ် လာခဲ့တယ်။

ငါဟာ တကယ်ကော ဒီနေရာမှာ ရှိနေရဲ့လား။ သေပြီးလို့ သရဲ ဖြစ်နေတာ ဝိညာဉ်ဖြစ်နေတာမျိုး မဟုတ်ပေမယ့် ငါဟာ ငါ့ခန္ဓာကိုယ်ထဲက ခွာပြီး မလှမ်းမကမ်းမှာ ငါ့ခန္ဓာကိုယ်ကို ပြန်စောင့်ကြည့်နေတာများလား။

mgyoe.com

mgyoe.com SAMPLE BOOK


ငယ်ငယ်တုန်းက သူ့အမေရဲ့ မချိမဆံ့ နှိပ်စက်တာကို ခံရတိုင်း ကာဝါရှီမာဟာအရိုက်ခံနေရတာငါမဟုတ်ဘူး၊ငါမဟုတ်ဘူး ဆိုတဲ့ အတွေးကို အာရုံပြုပြီး နေခဲ့တယ်။ ဒါကြောင့်မို့ ဒီလိုအတွေးမျိုးအတွက် သူဟာ ကျင့်သားရပြီးသားလို့ပြောရမယ်။ သူမငိုဘဲ ပေနေလေ သူ့အမေက ပိုရိုက်လေ၊ သူက ငါမဟုတ်ဘူး ခံစားချက်အပေါ် ပိုပြီး မဲတင်းလေ-နောက်ဆုံး သူနာကျင်တာကို ဖယ်ခွာသွားနိုင်လောက်တဲ့ အထိပဲ။ ဒါပေမဲ့လည်း ခန္ဓာကိုယ်ထဲက ထွက်ပြီး အဝေးကြီး လျှောက်သွားရင် ပြန်မလာနိုင်တော့မှာလည်း သူ စိုးရိမ်တယ်။ဒါကြောင့် ဝေးဝေးမသွားဘူး မလှမ်းမကမ်းက ရပ်ကြည့်ရင်း အခြေအနေတွေ ငြိမ်သွားတာနဲ့ ခန္ဓာကိုယ်ထဲ ပြန်ဝင်ဖို့ အသင့်ပြင်ထားတယ်။

ခုခံစားနေရတာက အဲဒီတုန်းက အတိတ်ရဲ့ အကြွင်းအကျန် ခံစားချက်ပါကွာ လို့ သူ့ကိုယ်သူ ဖြေသိမ့်ရင်း ကလေး သေးခံတွေထားတဲ့ ဘက်ကို ရောက်သွားတော့ ယိုကို ညည်းတာကို အမှတ်ရလာတယ်။ အမယ်လေး သေးခံများ ဘယ်လောက်ဝယ်ဝယ် လောက်ကိုမလောက်နိုင်ဘူး ယောကျ်ားရေတဲ့။ ဒါကြောင့် သေးခံတွေ ဝယ်သွားဖို့ ဆုံးဖြတ်၊ အဲဒီအချိန်မှာပဲ သူက သူ့ကို သေးခံရောင်းတဲ့ နေရာမှာ ရပ်စောင့်နေတာ သေသေချာချာ သိလိုက်ရ။

သောက်ကျိုးနည်းမှုပဲကွာ သူပြုံးဖို့ ကြိုးစားတယ်၊ ဒါပေမဲ့ အကြောက်တရားက နှလုံးသားကို ဖျစ်ညှစ်နေပြီ၊ ဘာတွေ ဖြစ်နေတာလဲကွာ။

သူက သေးခံတစ်ထုပ်ကိုင်ရင်း သူ့ကို ရပ်စောင့်နေတယ်။ အထုပ်ပေါ်က ကလေးပုံလေးကိုကြည့်ပြီး သူက သူ့ကို သွားဖြဲပြတယ်။ အလိုလေး-သူ့ကို လာခဲ့ဖို့ လက်ယပ် ခေါ်နေပါလား။

ကဲ-လာလာ မြန်မြန်လာ၊ ငါ မင်းကို အရေးကြီးတာ ပြောမှ ဖြစ်မယ်။

ကာဝါရှီမာ ခပ်မြန်မြန်သွားလိုက်တယ်။

မင်းစဉ်းစားစမ်း-ဇာတိစိတ် ဇာတ်ကားကို တည်တည်ငြိမ်ငြိမ်နဲ့ ကြည့်နိုင်ခဲ့တယ်လို့ မင်းကိုယ်မင်း ဘာလို့ အဲဒီလို ထင်နေတာလဲ၊ မင်း တစ်လမ်းလုံး အဲဒါ စဉ်းစားနေတာ မဟုတ်လား၊ တာကူးချန်ကိုလည်း သတိရနေသေးတာလေ၊ တာကူးချန်က ကျွန်တော် မဟုတ်ရင် ဘယ်သူ့ပုံဖြစ်ဖြစ် သောက်ဂရုမစိုက်ဘူးလို့ ပြောခဲ့တာကိုလေ။ ပြီးတော့ မင်း ဟိုမိန်းမကို ရူးနဲ့

mgyoe.com

mgyoe.com
SAMPLE BOOK


ထိုးတာ တွေးမိတော့ ချက်ချင်းပဲ နှလုံးခုန်တာတွေ နှေးသွားပြီး ပုံမှန်ဖြစ်သွားတယ်လေ။ အဲဒါက သမီးကို ရှူးနဲ့ထိုးချင်စိတ် ပေါ်နေတာကို ပျောက်သွားစေတယ်၊ ဟုတ်တယ် မဟုတ်လား။

သူက သေးခံအထုပ်ပေါ်က ကလေးမျက်နှာကို တွန့်လိမ်သွားအောင် ဆိတ်နေ ဆွနေတယ်။

ကဲ… မြန်မြန်လာပါကွာ၊ ငါတို့ ပြန်ပူးပေါင်းကြစို့။

ကာဝါရှီမာက မလုပ်ပါနဲ့၊မလုပ်လိုက်ပါနဲ့လို့ပြောလိုက်ချင်ပေမယ့် သူ့ အာစေးထည့်ထားသလို ဖြစ်နေတယ်။ သူတို့ တစ်ခုတည်းအဖြစ် ပြန်မပေါင်းခင် ဒီကြောက်စိတ်ကို ဖြေဖျောက်ဖို့ နည်းလမ်းတစ်ခုပဲ ရှိတယ်ကွလို့ ပြောသွားတာကို သူကြားလိုက်တယ်။ ကာဝါရှီမာဟာ ဘုရားရှင် ကိုယ်ထင်ပြတာကို မြင်လိုက်ရတဲ့ မိစ္ဆာဒိဋ္ဌိလို ဖွတ်မေ့ ပုတတ်မေ့ ဖြစ်နေတယ်။ အဲဒီအသံက သူ့ ရင်ခေါင်းထဲမှာ ပဲ့တင်ထပ်နေတယ်။

ဒီကြောက်စိတ်ကို ဖြေဖျောက်ဖို့ နည်းလမ်းတစ်ခုပဲ ရှိတယ်။ မင်းတစ်ယောက်ယောက်ကို ရှူးနဲ့ ထိုးမှ ဖြစ်မယ်။

❐

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း(၄)

နောက်တစ်နေ့မနက်မှာ ယိုကိုက အတန်းဝင်ဖို့ ပြင်ဆင်နေရင်းနဲ့-

"ယောကျ်ားရေ ဘာဖြစ်နေတုံး၊ ထီများ ပေါက်ထားလား၊ ရှင့်ကြည့်ရတာ ကိုယ်ရောင်ကိုယ်ဝါ တောက်ပနေသလိုပဲ"

လို့ ကာဝါရှီမာ့ကို ပြောတယ်။

ခရိုးဆန့် ပေါင်မုန့်ကွေးကို ကိုက်ရင်း ညက ပြန်ရောက်တော့ အသေကောင်လို တုံးခနဲ အိပ်ပျော်သွားတာ သတိရတယ်။ ခုလည်း စားလို့ကောင်း သောက်လို့ကောင်း၊ ခံတွင်းတွေ့-အံ့ဩစရာ။

နိုးနိုးချင်း သူ့ခေါင်းထဲ ဝင်လာတဲ့ အတွေးက စူးနဲ့ ထိုးခံရတဲ့ မိန်းမဟာ မသေဘူးဆိုရင် ရဲတိုင်မှာပဲ၊ ဒါဆို ဖမ်းခံရမှာပဲ၊ အဖမ်းမခံရတာ ရာနှုန်းပြည့် သေချာအောင် လုပ်လို့ရတဲ့ နည်းလမ်း ရှိမနေဘူး ဆိုတာပါပဲ။ သွားတိုက်၊ မျက်နှာသစ်နေတုန်းလည်း သူ ဒါကို စဉ်းစားနေမိတယ်။ အင်း...။

သူ အလုပ်သွားဖို့ အဝတ်လဲရင်း ယိုကို့ကို စပြောတယ်။

"မင်းသိတဲ့အတိုင်း ကိုယ်တို့ ကုမ္ပဏီမှာ မယူမနေရ ခွင့်စနစ် ရှိတယ်ကွ၊ ကုမ္ပဏီကြီးတွေ လုပ်ထုံးလုပ်နည်းအတိုင်းပေါ့"

"အင်း... ဆိုတော့ ခွင့်က ယူချင်ချင် မယူချင်ချင် ယူရမှာလား"

mgyoe.com

mgyoe.com
SAMPLE BOOK


"ဟုတ်တယ်၊ ဧရာမကုမ္ပဏီကြီးတွေကတော့ တစ်လ နှစ်လ ပေးတယ်၊ ကိုယ်တို့ဆီမှာတော့ တစ်ပတ်၊ အလွန်ဆုံး ဆယ်ရက်ပါပဲ"

တကယ်လည်း ကာဝါရှီမာရဲ့ အလုပ်မှာ အဲဒီစနစ် ရှိပါတယ်။ အလုပ်လုပ်တာ သုံးနှစ်၊ ဒါမှမဟုတ် ငါးနှစ်လောက် ကြာလာရင် အဲဒီ ခွင့်ယူကို ယူရတယ်။ အဲဒီအတွက် ရန်ပုံငွေလည်း ရှိတယ်။ ခွင့်ကို ဘယ်လိုသုံးမလဲ ဆိုတာပေါ် မူတည်ပြီး ငွေကို ပေးတတ်တယ်။

"ခု ကိုယ်လုပ်ချင်တာလေးတွေရှိလို့ မကြာခင် ခွင့်ယူမလို့"

"မကြာခင်ဆိုတာ ဘယ်တော့လဲ"

"မနက်ဖြန် သန်ဘက်ခါလောက်ပေါ့"

"အို... ဒါဆို နီးနေပြီပဲ၊ ခွင့်ယူပြီး ဘာလုပ်မှာတုံး၊ အိမ်မှာပဲ ခွေနေမှာလား"

"ဟင့်အင်း-အိမ်မှာလည်း မနေရဘူး၊ ရုံးလည်း မသွားရဘူး၊ ဒီခွင့်ရဲ့ ရည်ရွယ်ချက်က မင်းဘဝ ရည်မှန်းချက်တစ်ခုကို အကောင်အထည် ဖော်ရမတဲ့၊ မအိပ်မနေ ကြိုးစားရမယ့် ရည်မှန်းချက်ကြီးလည်း မဟုတ်ရပြန်ဘူးတဲ့၊ ဒီခွင့်ယူဖူးတဲ့ လူတွေထဲက တစ်ယောက်က အိန္ဒိယသွား တရားထိုင်တယ် နောက်တစ်ယောက်က နယူးရောက်သွားပြီး ဂီတပွဲကြည့်တယ်၊ ကောင်မလေး တစ်ယောက်က အိုကီနာဝါသွားပြီး ရေငုပ်လိုင်စင်အတွက် ကြိုးစားတယ်"

"ဒါဆို ရှင်က နိုင်ငံခြား သွားမှာလား"

"အဲဒီလိုတော့ မဟုတ်ဘူး၊ ကိုယ်စဉ်းစားထားတာက မြို့လယ်ကောင် ဟိုတယ်ကြီးတွေမှာ နေဖို့၊ တို့လို မြို့စွန်မြို့ဖျားနေတဲ့ သာမန်လူတွေအဖို့ အဲဒီလို အခွင့်အရေးမျိုးက မရဘူး မဟုတ်လား၊ ဒါကြောင့် မြို့ပေါက်စလေး တွေကနေ ကုမ္ပဏီဝန်ထမ်းတွေ တိုကျိုတက်လာရင် နေတတ်တဲ့ ဟိုတယ်ကြီး တွေမှာ နေကြည့်ချင်တယ်"

"အင်း... အဲဒီမှာနေပြီး ဘာလုပ်မတုံး"

"ပြောရရင် နည်းနည်းကြောင်တယ်၊ ကိုယ် လခစား ကုမ္ပဏီဝန်ထမ်း တစ်ယောက်ရဲ့ အခြေအနေနဲ့ ခံစားချက်မျိုး ခံစားကြည့်ချင်တယ်၊ ဟိုတယ် ကော်ဖီဘားမှာ ထိုင်ပြီး သူတို့ကို အကဲခတ်ချင်တယ်၊ ကြော်ငြာအတွက် အိုင်ဒီယာ အသစ်အဆန်းတွေ ရနိုင်မယ်လို့ ထင်နေတယ်၊ ကိုယ် သူတို့ အကြောင်း သိပ်မသိဘူးလေ"

mgyoe.com

mgyoe.com
SAMPLE BOOK


သူ့စီမံကိန်းအတွက် ရေပက်မဝင်အောင် ထောင့်စေ့အောင် လုပ်ထားဖို့ လိုတယ်လေ။ သူ ရုံးမှာ ဆက်နေရင် သူ့အကြံ မအောင်နိုင်ဘူး။ သူ တစ်ခုခုကြံနေတာကို ယိုကိုနဲ့ ရုံးက လုံးဝမသိလေ ကောင်းလေပဲ။ မြို့လယ်က ဟိုတယ်မှာ တစ်ပတ်၊ ဆယ်ရက်နေပြီး သုတေသန လုပ်မယ်ဆိုတာ ပုံမှန်အားဖြင့် မသင်္ကာစရာပဲ။ ဖောက်ပြန်တဲ့ ကိစ္စတစ်ခုခု၊ ဒါမှမဟုတ် လောင်းကစားကိစ္စတစ်ခုခုရှိလို့လို့ သံသယ ဝင်ချင်စရာ။ ဒါပေမဲ့ ယိုကိုဟာ သူ့ကို ဘယ်တော့မှ သံသယ မဝင်တတ်ဘူးဆိုတာ သူသိတယ်။ ခြောက်နှစ်အတွင်း သူ တစ်ခါမှ ယိုကို့ကို မလိမ်ခဲ့ဖူးဘူး။ ကိုယ်ကျင့်တရားဖြူစင်လို့ သီလစောင့်ထိန်းလို့ ဘာညာ မဟုတ်ဘူး၊ သူ့အပေါ် သိပ်ကောင်းတဲ့ ယိုကို စိတ်ဆင်းရဲတာကို မမြင်ချင်လို့။ သူ့မှာ အိမ်ထောင်ရေး ဖောက်ပြန်မှု တစ်ခုခုရှိနေပြီလို့ ယိုကို ထင်သွားလေမလား။ ဒါဆို ဘာဆက်ဖြစ်မလဲ။

ယိုကိုက အယ်လ်ပုံစံ သစ်သားစားပွဲကြီးပေါ် သူ့ သင်ထောက်ကူ ပစ္စည်းတွေ စနစ်တကျ စီနေရင်း-

"ကဲ... ဒါဆိုလည်း ပစ္စည်းတွေထည့်ဖို့ လုပ်ပေးရမှာပေါ့၊ သတိရနေနော်၊ ဖုန်းလည်းဆက်နော် ယောကျ်ား"

လို့ပြောလိုက်တယ်။ သူ့အပြုံးက ချစ်ခင်ကြည်နူးစရာကောင်းလှတယ်။ ဘာသံသယမှ ရှိမနေဘူး။

အင်းပါ၊ ကိုယ်မမေ့ပါဘူးလို့ ခေါင်းညိတ်ရင်းပြောလိုက်တယ်။ အိပ်ခန်းထဲဝင်၊ ပုခက်ထဲမှာ အိပ်နေတဲ့ သမီးကိုကြည့်၊ ပါးလေးကို အသာပွတ်ရင်း ယိုကို မကြားအောင် တိုးတိုးလေး ပြောလိုက်တယ်။

အားလုံး အဆင်ပြေသွားမှာပါ၊ အဆင်ပြေသွားစေရမယ် သမီးရယ်။

❐

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၅)

နောက်လေးရက်ကြာတော့ ကာ၀ါရှီမာဟာ အကာဆာကာ မင်းသား ဟိုတယ်မှာ စာရင်းသွင်းနေတယ်။ သူ့ရဲ့ ဘဏ်ကတ်ကို သုံးတယ်။ နာမည်အစစ်ကို ပေးတယ်။ တစ်ပတ်နေဖို့ စာရင်းသွင်းတယ်။ သူ ရတဲ့အခန်းက တိုကျို မျှော်စင်ကို လှမ်းမြင်နေရတဲ့ နှစ်ယောက်ခန်းကျယ်။ အရင်တုန်းက တစ်ခါမှ ခွင့်ရယ်လို့ မည်မည်ရရ မယူဖူးတာရယ်၊ ယိုကိုဟားမား ဂျက်ဇ်ပွဲတော် ကြော်ငြာ ပေါက်တာရယ်တွေကြောင့် ကုမ္ပဏီကလည်း သူ့ကို အသာတကြည် ပဲ မယူမနေရ ခွင့်ကို ပေးတယ်။ ခွင့် ဘောနတ်စ် ယန်းကိုးသိန်းတောင် ပေးတယ်။ သူ့ ဘော့စ်က နောက်နေသေးတယ်။ လခစား ကုမ္ပဏီဝန်ထမ်းတွေကို လေ့လာတာတော့ ကောင်းပါတယ်။ ဒါပေမဲ့ တစ်ယောက်ယောက်နဲ့ ချစ်ပြီး ကြိုက်ပြီး အေအိုင်ဒီအက်စ်ဖြစ် ပြန်မလာစေနဲ့တဲ့။ ရယ်လည်း မရယ်ရဘူး။

အခန်းထဲရောက်ရောက်ချင်း သူ ယိုကို့ဆီ ဖုန်းခေါ်တယ်။ နောက်က သင်တန်းသူတွေ စကားပြောနေသံ ဆူဆူညံညံကို ကြားနေရတယ်။ ပေါင်မုန့်နံ့တွေတောင် သင်းလာသလိုပဲ။ အင်း…ခုထိတော့ သူ့အကြံအစည်ကို ဘယ်သူမှ သံသယ မရှိကြဘူး။ သူ ဆိုဖာပေါ် ထိုင်ရင်း၊ မြို့လယ်ကောင် နေညိုချိန် မြင်ကွင်းကို ငေးရင်း စဉ်းစားနေတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


ခုထိတော့ ငါဟာ ဘယ်သူမှ သံသယမဝင်နိုင်တဲ့ လူတစ်ယောက်ဖြစ်နေတုန်းပဲ၊ဟိုမိန်းမနဲ့ဇာတ်လမ်းပြတ်သွားပြီးကတည်းကအခြေခံကျတဲ့ကိစ္စတွေဟာ ပြောင်းလဲသွားခဲ့တယ်။ ကျောင်းပြန်တက်တယ်၊ ပုံပြန်ဆွဲတယ်၊ အလုပ်ရတယ်၊ ယိုကိုနဲ့တွေ့တယ်၊ အရင်က ကာဝါရှိမာ မဟုတ်တော့သလိုပြောင်းလဲသွားတယ်၊ဒါဆိုအရင်က ငါနဲ့ ခု ပြောင်းလဲသွားတဲ့ ငါ ဘယ်ငါကအစစ်အမှန်လဲ၊ နှစ်ယောက်လုံး ငါ ချည်းပဲလား။

ဟုတ်တယ် ၊ နှစ်ယောက်လုံး မင်းချည်းပဲလို့ သူ့အစိတ်အပိုင်းတချို့က သူ့ကို တိုးတိုးလေး ကပ်ပြောတယ်။ ဒါပေမဲ့ ကျန်တဲ့ အစိတ်အပိုင်းတွေကတော့ သိပ်သေချာပုံ မရဘူး။ အရင် သူနဲ့ အခု သူ ကြားက တချို့ဟာတွေက အဆက်အစပ် မရှိသေးဘူး ထင်တယ်။

သူ ဖတ်မိတဲ့ မင်္ဂဇင်း ဇာတ်လမ်းတစ်ပုဒ်ကို သတိရလို့ ရေခဲခွဲဖူးအပြင် ဓားတစ်ချောင်းပါ ထပ်ဝယ်မယ်လို့ ဆုံးဖြတ်ချက်ချတယ်။ အဲဒီဇာတ်လမ်းထဲမှာ ၃၂ နှစ်အရွယ် ဆပ်ပြာအနှိပ်မယ် အမျိုးသမီးတစ်ယောက်ဟာဟိုတယ်ခန်း တစ်ခုထဲ အသတ်ခံရတယ်လို့ ရေးထားတယ်။ ခြေဖနောင့်ကြောကို ဓားနဲ့လှီးပြီး အသတ်ခံရတာတဲ့။ အမည်မဖော်လိုသူ စုံထောက်တစ်ယောက်က ဒီလို ရှင်းပြခဲ့တယ်။

"ခြေဖနောင့်ကြောကို ဖြတ်ခံရရင် သေနတ်နဲ့ပစ်ခံရသလို အသံမျိုးထွက်တတ်တယ်ဗျ၊ လူသတ်တရားခံဟာ ဒါကို သိလို့ ဒီလိုနည်းနဲ့ စိမ်ပြေနပြေ အရသာခံပြီး သတ်တာ ဖြစ်မယ်"

ဒါကြောင့် သူ စူးနဲ့ဗိုက်ထဲ မထိုးထည့်ခင် ခြေဖနောင့်ကြောကို ဓားနဲ့ဖြတ်မယ်လို့ ကာဝါရှိမာက ဆုံးဖြတ်တယ်။ တကယ်ပဲ သေနတ်သံ ထွက်၊ မထွက်ကိုလည်း သူသိချင်နေတယ်။ အဲဒီလို အဖြတ်ခံရရင် ခံရတဲ့ အမျိုးသမီးဘယ်လို ဖြစ်နေမလဲ ဆိုတာလည်း သူ ကြည့်ချင်နေတယ်။

ဒါတွေကို စဉ်းစားနေတုန်း နှလုံးခုန်မြန်လာတာတို့၊ တုန်လှုပ်ချောက်ချားလာတာတို့ ဘာမှ မဖြစ်ဘူး။ ပိုစတာအတွက် ဂရပ်ဖစ် ဒီဇိုင်းလုပ်ဖို့ဓာတ်ပုံ ရွေးရသလောက်ပဲ။ သမီးကို စူးနဲ့ထိုးမိမှာ ကြောက်ရင်း နေခဲ့ရတဲ့ဆယ်ရက်တုန်းကတော့ နှလုံးခုန်သံဟာ တဒိန်းဒိန်း တဒိုင်းဒိုင်းပဲ။ ဟိုတစ်နေ့ည စတိုးဆိုင်က ပြန်လာပြီးကတည်းက သူ ဘာမှမဖြစ်တော့ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK


ခု မိန်းမတစ်ယောက်ရှာပြီး ခြေဖနောင့်ကြောကို ဓားနဲ့လှီးရင်း ဘယ်လို အသံထွက်လာမလဲ ဆိုတာကို ထမင်းစား ရေသောက်သလို ထိုင်စဉ်းစားနေတဲ့ သူနဲ့ မနက်မိုးလင်းလို့ ပေါင်မုန့်နံ့တွေ သင်းနေတဲ့ မုန့်ဖုတ်သင်တန်းအခန်းထဲက မိန်းမကို ကြင်ကြင်နာနာ ပြုံးပြနေတဲ့ သူ့အကြား ကွက်လပ်ကြီး တစ်ခု ရှိနေတာတော့ အမှန်ပဲ။ ဘာကွက်လပ်လဲ၊ ကွက်လပ်ထဲ ဘာတွေရှိနေလဲ သူ မသိဘူး။ ဒါပေမဲ့ ကွက်လပ်ကြီး ဖြစ်နေတာတော့ သိတယ်။

သူ ခန်းဆီးလိုက်ကာတွေ ဆွဲပိတ်လိုက်တယ်။ လက်ဆွဲအိတ်ထဲက အနှိပ်မဂ္ဂဇင်း၊ လိင်ဖျော်ဖြေမှု အပတ်စဉ် လမ်းညွှန်စာစောင်နဲ့ မှတ်စုစာအုပ်တွေကို ထုတ်တယ်။ စားပွဲမှာထိုင်ရင်း သူ့အတွေးတွေကို ချရေးတယ်။

ပထမဆုံးအနေနဲ့ ငါ့သားကောင်ဟာ ကြေးတမ်းစား ပြည့်တန်ဆာ ဖြစ်ရမယ်။ ဒါမှ အဆင်ပြေမယ်။ ဒါပေမဲ့ ဘယ်လို ပြည့်တန်ဆာမျိုး ရွေးရမတုံး။

ဒါဟာ ဘယ်မှာ သတ်ရမတုံးဆိုတဲ့ မေးခွန်းလောက်ကို အရေးကြီးတယ်။သူကော်ရှူတုန်းကရဲတွေခေါ်ပြီးကြိမ်းမောင်းသတိပေးတာမျိုးရှိပေမယ့် သူ့လက်ဗွေပုံစံ ယူထားတာတို့ ဘာတို့ မရှိခဲ့ဘူး။ ဒါကြောင့် သူ့မှာ တရားဝင်ပြစ်မှုမှတ်တမ်း ဘာမှ မရှိဘူး။ သူ သားကောင်ကို ဗိုက်ထဲ စူးနဲ့ထိုးရုံ ထိုးလို့ မရဘူး။ နောက်ကြောင်းအေးအောင် သတ်ပစ်မှ ဖြစ်မယ်ဆိုတာ ဆုံးဖြတ်ထားခဲ့ပြီးသား။ တကယ်လို့ အလောင်းကို ရှာမတွေ့အောင် လုပ်ထားနိုင်ရင်တော့ အကောင်းဆုံးပေါ့။ ဒါပေမဲ့ အလောင်းဖျောက်ဖို့ ကြိုးစားရင်း အကြောင်းဆိုးစရာ ဖြစ်လာနိုင်တယ်။ ဒါကြောင့် ဖာခေါင်းမရှိ၊ ဖာဆွယ်မရှိ၊ ကျောထောက်နောက်ခံ ဂိုဏ်းမရှိဘဲ တစ်ယောက်တည်း လုပ်စားနေတဲ့ ပြည့်တန်ဆာမျိုးက အကောင်းဆုံးပဲ။ ဒါဆိုသူ့ကို ဘယ်နားမှာ ဓားနဲ့လှီး စူးနဲ့ထိုးရမတုံး။ လူသူမရှိတဲ့ မှောင်မှောင်မည်းမည်း နောက်ဖေးလမ်းကြား တစ်ခုခုမှာလား။ ကြေးညှိရင်း ပြဿနာတက်လို့ လမ်းပေါ်က ကြက်မကို လမ်းဘေးမှာ သတ်သွားတယ်ဆိုတာ အင်မတန် ရိုးရှင်းတဲ့ ကိစ္စပဲ။ ဒါပေမဲ့ မှောင်မှောင်မည်းမည်း အဲဒီလိုလုပ်ရင် ဗိုက်ထဲ စူးချွန်ဝင်သွားတာ၊ ခြေဖနောင့်ကြောကို ဓားနဲ့လှီးရတဲ့ အရသာကို ဘယ်ခံစားလို့ ရတော့မတုံး။

mgyoe.com

mgyoe.com SAMPLE BOOK


လွန်ခဲ့တဲ့ နှစ်ည ရှင်းဂျူကုက ကာဘူကီ ရပ်ကွက်ထဲ လမ်းလျှောက်ရင်း စနည်းနာတော့ တစ်ယောက်တည်း လုပ်စားတဲ့ ဟာတွေဟာ နိုင်ငံခြားသူတွေ များတယ်၊ အရှေ့တောင်အာရှဘက်က များတယ် ဆိုတာ သူသိခဲ့ရတယ်။ ဒီလိုဟာမျိုးကို ရွေးရင် ကောင်းတာတစ်ခုကတော့ သူတို့အများစုဟာ ဂျပန်မှာ တရားဝင် နေထိုင်ခွင့်ရှိတာ မဟုတ်တဲ့အတွက် ပြဿနာ အတော်နည်းမယ်။ ဒါပေမဲ့ သူ စူးနဲ့ထိုးရမယ့် ဗိုက်သားဟာ ဖြူဖွေးနေတာမျိုး ဖြစ်ကိုဖြစ်ရမယ်။ အသားလတ်တဲ့ နိုင်ငံခြားသူ ဆိုရင်တောင် မဖြစ်ဘူး။ နောက်တစ်ခုက ဒီ နိုင်ငံခြားက လာတဲ့ ကြက်မဟာ ဂျပန်လို တတ်ချင်မှတတ်မယ်၊ ဒါဆို ဘယ်လိုလုပ်မတုံး။

သူ့အမေ သူ့ကို နှိပ်စက်နေတဲ့ မျက်နှာကြီး အတွေးအာရုံမှာ ပေါ်လာတယ်။ ကဲ... သင်းကို မစဉ်းစားနဲ့၊ ကိုယ့်အလုပ် ကိုယ် အာရုံစိုက်။

ကဲ... နောက်ဖေးလမ်းကြားတို့၊ ပန်းခြံတို့လို အပြင်ဘက်ကို မေ့လိုက်တော့။ ဒီကိစ္စလုပ်ဖို့အတွက် သူ့မှာ သီးခြားအခန်း တစ်ခန်း ရှိရမယ်။ လိင်ဖျော်ဖြေမှုလုပ်ငန်းဟာ ဖောက်သည်တွေရဲ့ ဟိုတယ်အခန်းထဲထိ ဝန်ဆောင်မှု ပေးနိုင်တာဟာ ဆပ်ပြာအနှိပ်ရယ်၊ လိင်နှိုးဆော်အနှိပ်ရယ်၊ ဆီလိမ်းအနှိပ်ရယ်၊ အဆန်းအပြား ဖျော်ဖြေရေးရယ်ပဲ။ ရေခဲခွဲတဲ့စူးကို မြင်တာနဲ့ အနှိပ်သမဟာ ငယ်သံပါအောင် အော်မယ်-ထွက်ပြေးမယ်၊ ခြေဖနောင့်ကြောဖြတ်၊ ဗိုက်ကို စူးနဲ့ထိုးရုံနဲ့ ချက်ချင်း သေမှာ မဟုတ်ဘူး၊ နှလုံးကို ဓားနဲ့စိုက်မှသာ သေမှာ။ သွေးလွန်ပြီး သေမှာကို စိမ်ပြေနပြေ ကြည့်ဖို့ဆိုတာ အပ်ဖျားလောက်ချွန်တဲ့ စူးနဲ့ ဗိုက်ထဲထိုးလို့ သွေးအများကြီး ပွက်ပွက်ကျလာမှာ မဟုတ်ဘူး။ ကိုယ်တွင်းသွေးယိုမှုပဲ ဖြစ်မှာ။ သူ သေတာကို စောင့်မကြည့်နိုင်ရင် ဘာများ အဓိပ္ပာယ်ရှိဦးမှာလဲ။

ဆိုတော့ သင်းကို ခြေတွေလက်တွေ ကြိုးတုပ်၊ မအော်နိုင်အောင် ပါးစပ်ပိတ်၊ အဲဒီလိုလုပ်ဖို့က အဆန်းအပြား လိင်မှုဖျော်ဖြေရေး လုပ်ငန်းမှပဲ ဖြစ်မယ်။ အဲဒီ လုပ်ငန်းတွေက များသောအားဖြင့် ဟိုတယ်ဝန်ဆောင်မှု ပေးတာပေါ့။ လိင်ကိစ္စ သက်သက်အတွက် ဖွင့်ထားတဲ့ အချစ်ဟိုတယ်တွေဟာ ဖောက်သည်ရဲ့ မျက်နှာကို မမြင်ရအောင် ဧည့်ကြိုကောင်တာမှာ နံရံခံထားတတ်တယ်။ ဒါပေမဲ့ တစ်နည်းနည်းနဲ့တော့ ဖောက်သည်ကို ခိုးကြည့်ထားလေ့ရှိတယ်။ ဒါမှ ပြဿနာ တစ်ခုခုဆို ဖြေရှင်းလို့ ရမယ်ပေါ့။ ပြဿနာ

mgyoe.com

mgyoe.com SAMPLE BOOK


ဖြစ်လာရင် အခန်းကျဉ်းလေး၊ လမ်းကျဉ်းလေးနဲ့ အချစ်ဟိုတယ်တွေဟာ ပြေးပေါက်မှားမှာ အသေအချာပဲ။ များသောအားဖြင့် အချစ်ဟိုတယ်တွေက လူခြေတိတ်တဲ့ လမ်းတွေမှာ ဖွင့်ထားတော့ ဆင်းပြေးပြီး လူအုပ်ထဲဝင်ရောဖို့ ဆိုတာ မဖြစ်နိုင်သလောက်ပဲ။

ပုံမှန်ဟိုတယ်တွေ ဆိုရင်တော့ စာရင်းသွင်းတာနဲ့ ဧည့်သည် မျက်နှာကို မြင်ပြီ။ ဧည့်သည်စာရင်းမှာ လက်ရေးကို ပေးရပြီ။ ဒါပေမဲ့ ပေးချင်တဲ့ နာမည် ပေးလို့ရတယ်၊ ရေးချင်တဲ့ ဖုန်းနံပါတ် ရေးထည့်လိုက်လို့ ရတယ်။ ဒီနေ့ အကာဆာကာ မင်းသား ဟိုတယ်မှာ စာရင်းသွင်းတော့ ဒါကို သူ အသေအချာ သိလိုက်တယ်။ ဧည့်စာရင်းသွင်းတော့ သူ့အလုပ် ဖုန်းနံပါတ်ကို ပေးလိုက်တယ်။ နေ့လယ် နှစ်နာရီမှာ ချက်အင် ဝင်မယ်လို့ ပြောခဲ့ပြီး ရုံးမှာ ပြန်စောင့်နေလိုက်တယ်။ နေ့လယ် တစ်နာရီ လေးဆယ့်ငါးမိနစ် အထိ ဟိုတယ်က ဘယ်သူမှ ဖုန်းမဆက်ဘူး။ ဟိုတယ်မှာလည်း ဘာမှတ်ပုံတင်မှ မတောင်းဘူး။ သူ့လက်ရေးကလည်း အများသူငါလိုပဲ-ဘာမှ ထူးခြား မနေဘူး။ ကားမောင်းလိုင်စင်၊ လုပ်ငန်းသုံး နာမည်ကတ်ပြား၊ လိပ်စာ၊ ကုမ္ပဏီ စာတန်းပါ စာရွက်-စာအိတ်၊ ဒါတွေ ဘာမှ ခြေရာလက်ရာ မကျန်အောင် သူ အသေအချာ သတိထားတယ်။

နောက်တစ်ခု ရှိသေးတယ်။ ဘာမဟုတ်ဘူး ထင်ရပေမယ့် အရေးကြီးတယ်။ ဟိုတယ်လုလင်ကိစ္စ။ ဟိုတယ်လုလင်တွေဟာ ဧည့်သည်ရဲ့ ခရီးဆောင်အိတ်၊ လက်ဆွဲအိတ်တွေ သယ်ပေးတဲ့ ကိစ္စ။ ဒီနေ့ ကြည့်ရသလောက်တော့ ဂျပန်ဧည့်သည်တွေဟာ ဟိုတယ်လုလင်ကို အိတ်တွေ သယ်ခိုင်းပေမယ့် နိုင်ငံခြားသားတွေကတော့ များသောအားဖြင့် သူတို့ဘာသာပဲ သယ်ကြတာတွေ့ရတယ်။ အင်း...ဒါအသေအချာ စဉ်းစားရမယ်။ ဒါကြောင့် ဟိုတယ်လုလင်ကိစ္စ-ဆိုင်းငံ့-လို့ သူ မှတ်စုထဲ ထည့်ရေးတယ်။ မှတ်စုတွေကို လက်ရေးစိပ်စိပ်နဲ့ အတတ်နိုင်ဆုံး သိပ်သိပ်သည်းသည်း သူ ရေးတယ်။

ဒါဆို ဘယ်လို အိတ်မျိုးနဲ့ ဟိုတယ်ကို ဝင်မလဲ။ ခရီးဆောင်အိတ် သေးသေးဆို ရမှာပါ။ သူ ခုနေတဲ့ မင်းသားဟိုတယ်ကနေ ဈေးဝယ်အိတ်ကလေးထဲ လိုတာတွေ ထည့်ပြီး ထွက်၊ ဒုတိယ ဟိုတယ်ကို သွားတဲ့ လမ်းမှာ ခရီးဆောင်အိတ်အသေးလေး ဝင်ဝယ်မယ်။ ဒီကိစ္စအတွက်ဘူတာရုံတစ်ခုခု၊

mgyoe.com